ကြေးမုံ
The Mirror Daily
၁၉၅၇ ခု ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 2 August 2022 ၁၀၈၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သဘာဝသယံဇာတတွေပေါကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးရရှိမှု မြန်ဆန်လာတာနဲ့အမျှ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမှာဖြစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း

**“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”**

“Keep Moving Forward to Achieve Our Goal”

**နေပြည်တော် ဩဂုတ် ၁**

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့တာ ဒီနေ့ဆိုရင် ၁၈ လ(တစ်နှစ်နဲ့ ခြောက်လ)ပြည့်မြောက်တဲ့နေ့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား ပြည်သူလူထုအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျား။ မနေ့က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပပြီး နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်ကို အစီရင်ခံတင်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သက်တမ်းကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ ကျွန်တော်တို့အစိုးရရဲ့ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်နဲ့ စီးပွားရေးလုပ်ငန်းစဉ်(၂)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေများကို အသိပေးပြောကြားသွားပါမယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**

**မိုင်းဆတ်မြို့နယ် မိုင်းကျက်ကျေးရွာရှိ မိုင်းကျက်အထက်ဂူတွင် ၃ နှစ် ၃ လ ၃ ရက် အဓိဋ္ဌာန်ဝင်တော်မူပြီး အဓိဋ္ဌာန်ပြည့်၍ မိုင်းကျက်အထက်ဂူမှ ပြန်လည်ထွက်တော်မူလာသည့် မိုင်းဖုန်းဆရာတော်ကြီးအား ဖူးမြော်ကြည်ညို**

စာမျက်နှာ ၇

**ရှေ့သို့ချီမည် ပန်းတိုင်ဆီ**

Keep Moving Forward to Achieve Our Goal

ဆောင်းပါး စာမျက်နှာ ၁၀

ကြေးမုံ

# သမိုင်းပေးတာဝန် ကျေပွန်စွာထမ်းဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်လာခဲ့သည်မှာ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ၁ နှစ်နှင့် ၆ လ(၁၈ လ) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ "နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်လိုက်သည်။

မြန်မာနိုင်ငံတွင် အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တပ်မတော်သည် "အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရန်" အဓိကတာဝန်ရှိပေသည်။ ယင်းတာဝန်များသည် တမင်တကာဖန်တီးထားသော တာဝန်များမဟုတ်ဘဲ နိုင်ငံတော်တွင် မလွှဲမရှောင်သာ ပေါ်လာသည့် သမိုင်းပေးတာဝန်များဖြစ်သည်။ တပ်မတော်သည် သမိုင်းပေးတာဝန်များကို သမိုင်းအစဉ်အဆက် တာဝန်ကျေပွန်စွာ ထမ်းရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံ့တာဝန်ကို ရယူဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေသည့် ကာလအတွင်း နိုင်ငံတစ်ဝန်း၌ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးတို့အတွက် လုပ်သင့်လုပ်ထိုက်သည်များ၊ အခြေခံသင့်၊ အခြေခံထိုက်သည်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံ့တာဝန်များကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်၊ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ခု၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ခုတို့နှင့်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထို့အပြင် မြန်မာပြည်သူလူထု တိုင်းရင်းသားပြည်သူများ၏ ပြင်းပြသည့်ဆန္ဒဖြစ်သော "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" ကို မယိမ်းယိုင်အောင် ကာကွယ်ပေးနေသည်။ ပြည်သူ့ဒီမိုကရေစီစနစ်နှင့် အမျိုးသားဒီမိုကရေစီစနစ်ကို ဘက်ညီမျှတအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ထို့အပြင် အနာဂတ်တွင် ခိုင်မာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်အတွက် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု" အုတ်မြစ်ကို တည်ဆောက်နေသည်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလက အစိုးရတာဝန်ရှိသူများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတွင် တာဝန်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ချိုးဖောက်ခဲ့သောကြောင့် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ ဒီမိုကရေစီ တည်ထောင်စနိုင်ငံတွင် ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်းထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတို့ကြောင့် ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရသည်။ ယင်းသို့မဖြစ်စေရန်အတွက် ဒီမိုကရေစီ အခြေခံအုတ်မြစ်များ ခိုင်မာအားကောင်းလာအောင်၊ ပြည်သူလူထုနှင့် နိုင်ငံ့အနာဂတ် ကောင်းကျိုးများဖြစ်ထွန်းလာအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးကို တိုတောင်းလှသည့်အချိန်ကာလအတွင်း အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေး ပြန်လည်ဦးမော့လာရေး မြှင့်တင်ဆောင်ရွက်ပေးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းလာရေးလုပ်ငန်းများ၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး ဆောင်ရွက်ချက်များ၊ ပြည်သူများ ကျန်းမာရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ၊ တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ အဖျက်သမားသောင်းကျန်းသူများ တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများ စသည့်နိုင်ငံနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည့် ၁၈ လတာကာလအတွင်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ဦးလည်မသုန်အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး မှန်ကန်သောရပ်တည်ချက် ယုံကြည်ချက်တို့နှင့် ရဲစွမ်းသတ္တိများဖြင့် နိုင်ငံတော်၏ သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗိန္ဒကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ကောလိပ်ကုက္ကိုလ်စာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေဂူကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ဝိစိတ္တာရာမညောင်ဝိုင်းကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရှိ မြို့ဦးကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့နယ် ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဖွင့်လှစ်

**ကော့သောင်း ဩဂုတ် ၁**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(ကော့သောင်း)မှ ဖွင့်လှစ်သည့် ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်း(၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပရာ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ကော့သောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ၊ ရပ်/ကျေးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လူကုန်ကူးမှုဆိုင်ရာအသိပညာများရရှိစေရန်၊ အခြေခံကျသည့် ရပ်ရွာများမှတစ်ဆင့် လူကုန်ကူးခံရသူဖြစ်ကြောင်း ကနဦးစိစစ်သတ်မှတ်နိုင်ရန်၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်းများကို စနစ်တကျအသုံးပြုတတ်ကြစေရန်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်ကို လေ့လာသိရှိစေရန် ရည်ရွယ်၍ သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဆိုင်ရာများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုအခြေအနေများ၊ အခြေခံကျသည့် ရပ်ရွာများအတွင်း လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့်မှတ်တမ်းပုံစံဖြည့်သွင်းမှု ဘာသာရပ်များကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု/စိတ်များမှ သင်တန်းနည်းပြများက လူကုန်ကူးမှုဖြစ်စဉ်ဖြစ်ပွားမှုများပြားရာဒေသများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တို့၌ ဦးစားပေးအဆင့်အနေဖြင့် စတင်ဖွင့်လှစ်ပို့ချခြင်း ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၂၀၀ | ၂၆၂ | ၁,၈၈၅,၂၀၀ |
| MTSH | ၂,၅၀၀ | ၂,၅၀၀ | ၅,၁၁၅ | ၁၂,၇၈၅,၅၀၀ |
| MCB | ၆,၉၀၀ | ၇,၁၀၀ | ၂၆ | ၁၇၉,၈၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၉ | ၁၅၇,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၃ | ၇,၀၅၀ |
| EFR | ၂,၄၀၀ | ၂,၅၀၀ | ၆ | ၁၄,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃ | ၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၉၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၃.၉၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၃၂၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၄၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၀၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၁.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၄.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၀.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၀၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**တိုင်းရင်းသားပြည်သူများခင်ဗျား–**
**ဦးစွာနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့**

တပ်မတော်အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုတွေရှိခဲ့လို့ ဖြေရှင်းပေးနိုင်ဖို့ တင်ပြမှုအပေါ် တာဝန်ရှိသူတွေက ဖြေရှင်းပေးမှုမရှိတဲ့အပြင် နိုင်ငံတော်အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူဖို့ ကြိုးပမ်းခဲ့တဲ့အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာထမ်းဆောင်ခဲ့ရပါတယ်။ နိုင်ငံတော်တာဝန်ထမ်းဆောင်တဲ့အချိန်အတွင်းမှာ တာဝန်တွေကို ကျွန်တော်တို့စွမ်းအားရှိသမျှ ကြိုးစားထမ်းဆောင်ခဲ့ပါတယ်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေးထက် အလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးဟာ အရေးကြီးပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ကနေ ၂၀၂၂ ခုနှစ်ကုန်အထိ ငြိမ်းချမ်းမှုရစေဖို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ၂၁ ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

၁၈ လတာကာလအတွင်း ကျွန်တော်ကိုယ်တိုင် EAO အဖွဲ့တွေနဲ့တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီအနေနဲ့ EAO အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးကိုလိုလားတဲ့ အခြားအဖွဲ့အစည်းစတဲ့အဖွဲ့တွေနဲ့ စုစုပေါင်း ၇၅ ကြိမ်တွေ့ဆုံကာ ငြိမ်းချမ်းရေး၊ တိုင်းပြည်နဲ့ ဒေသကောင်းကျိုးအတွက် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ထားရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ဖို့ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထဲကမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အကြောင်းပြန်ကြားခဲ့ပါတယ်။ ကျွန်တော် အခုအဖွဲ့ ၉ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျန် ၁ ဖွဲ့နဲ့လည်း မကြာမီတွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပြီး တွေ့ဆုံဆွေးနွေးပြီးအဖွဲ့တွေနဲ့လည်း ဒုတိယအကျော့တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလိုတွေ့ဆုံဆွေးနွေးရာမှာ ပြည်သူလူထုဆန္ဒနဲ့ကိုက်ညီတဲ့ပါတီစုံဒီမိုကရေစီ ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနဲ့တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာတွေကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃) ပါသဘောတူညီချက်တွေနဲ့ပတ်သက်ပြီး လည်းကောင်း၊ အစိတ်အပိုင်း(၃)ပါ ဆက်လက်ဆွေးနွေးရန်ကျန်ရှိတဲ့ဇယား(၂)ပါ အချက်တွေနဲ့ပတ်သက်ပြီး လည်းကောင်း ဆွေးနွေးမှုတွေကိုပြုလုပ်ခဲ့ပြီး သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုနဲ့ပတ်သက်ပြီး ပထမအကြိမ်ဖိတ်ခေါ်မှုတွင် တက်ရောက်လာခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ တက်ရောက်ဆွေးနွေးနိုင်ရေးကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှာ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ထားပါတယ်။ စိတ်ချယုံကြည်စွာ လျှောက်လှမ်းလာကြဖို့လည်း ဒီနေရာကနေ တိုက်တွန်းလိုပါတယ်။ ပြည်ထောင်စုကြီးရဲ့အကျိုး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများရဲ့အကျိုးကို ရည်မျှော်တယ်ဆိုရင် တွေ့ဆုံဆွေးနွေးကြခြင်းဟာ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။

**❋ ကျွန်တော် အခုအဖွဲ့ ၉ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျန် ၁ ဖွဲ့နဲ့လည်း မကြာမီ တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပြီး တွေ့ဆုံဆွေးနွေးပြီးအဖွဲ့တွေနဲ့လည်း ဒုတိယအကျော့တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။**

**❋ ကျွန်တော်တို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ထားပါတယ်။ စိတ်ချယုံကြည်စွာ လျှောက်လှမ်းလာကြဖို့လည်း ဒီနေရာကနေတိုက်တွန်းလိုပါတယ်။ ပြည်ထောင်စုကြီးရဲ့အကျိုး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများရဲ့အကျိုးကို ရည်မျှော်တယ်ဆိုရင် တွေ့ဆုံဆွေးနွေးကြခြင်းဟာ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။**

အစိုးရရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်မှုအပေါ်မှာ တရားမဝင်ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့အစည်းတွေဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံနဲ့လုပ်ဆောင်ခဲ့တာတွေရှိပါတယ်။ ၁၈ လတာကာလအတွင်း(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့အထိ) တစ်နိုင်ငံလုံး လက်ပစ်ဗုံး/လက်လုပ်ဗုံး ပစ်ခတ်ခံရမှု၊ မိုင်းခွဲမှု ၇၂၄၆ ကြိမ်၊ တိုက်ခိုက်/ သတ်ဖြတ်ခံရမှု ၆၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁၀၉၄ ကြိမ် စုစုပေါင်း ၁၄၉၀၇ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ရဟန်း/သံဃာ/သီလရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတွေ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့အရပ်သား ၃၄၈၃ ဦး သေဆုံးခဲ့ပြီး ၃၀၆၅ ဦး ဒဏ်ရာရရှိ၍ ၄၁ ဦး ပျောက်ဆုံးမှုရှိခဲ့ပါတယ်၊ အပြစ်မဲ့စွာ သေဆုံးသူများအတွက်လည်း များစွာစိတ်မကောင်းဖြစ်ရပါတယ်၊ အကြမ်းဖက်တိုက်ခိုက်သူများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၄၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှာ ၂၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးမှာ ၁၃၉၅ ကြိမ်တို့နဲ့ အများဆုံးဖြစ်ပွားခဲ့တဲ့အတွက် အဆိုပါဒေသတွေအတွင်း မူလအခြေအနေတွေအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလွန်အရေးကြီးတဲ့ မြို့နယ်အချို့မှာအပ စစ်အုပ်ချုပ်ရေး မလုပ်ခဲ့ပါဘူး။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးအာဏာသုံးရပ်ကို မည်သို့ပင် အပ်နှင်းထားစေကာမူ အခြေခံဥပဒေပါပြဋ္ဌာန်းချက်၊ တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်ပါတယ်။ ၁၈ လတာကာလအတွင်း ကျွန်တော်တို့နိုင်ငံအတွင်းကို နည်းမျိုးစုံနဲ့သွင်းယူခဲ့တဲ့ လက်နက်တွေနဲ့ အကြမ်းဖက်တွေနဲ့ ထိတွေ့ပစ်ခတ်မှုတွေမှာ ဖမ်းဆီးရမိခဲ့တဲ့ လက်နက်ဟာ လက်နက်မျိုးစုံ ၆၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅၁၈၄ တောင့်နဲ့ လက်ပစ်ဗုံး/မိုင်း ၁၁၇၁၅ လုံး သိမ်းဆည်းရမိခဲ့ပါတယ်။ အကြမ်းဖက်သူ ၆၂၃၆ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

**❝ပြီးခဲ့တဲ့နှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းမှာ ပြင်းထန်စွာခံစားခဲ့ရပြီး ကိုဗစ်-၁၉ ကပ်ဘေးရောဂါကျော်လွှားဖို့ အပြင်းအထန်လုံးပန်းနေရသလို ပြည်တွင်းဆူပူဆန္ဒပြအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်နေရတဲ့အတွက် နိုင်ငံတည်ငြိမ်မှုမရှိလို့ အာဆီယံဘုံသဘောတူညီချက် အကောင်အထည်ဖော်နိုင်ဖို့ အခက်အခဲရှိခဲ့ပါတယ်။ ယခုနှစ်မှာတော့ အခြေအနေအားလုံး တိုးတက်လာပြီဖြစ်တဲ့အတွက် ဘုံသဘောတူညီချက် ၅ ရပ်ထဲက ဦးစားပေးဆောင်ရွက်နိုင်တာတွေ အဖြစ်နိုင်ဆုံး အာဆီယံမူဘောင်နဲ့အညီ ဆောင်ရွက်သွားပါမယ်။ နိုင်ငံအနေနဲ့ မိမိပြည်တွင်းရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ၃ ရပ်ပါဝင်တဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့်ကိစ္စတွေမဖြစ်အောင် သုံးသပ်ဆောင်ရွက်နေပါတယ်။ နိုင်ငံပုံမှန်အခြေအနေဖြစ်လာတာနဲ့ အမျှ တိုးတက်ဆောင်ရွက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။❞**

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံခြားရေးအခြေခံမူများအတိုင်း နိုင်ငံတကာသို့ ဆက်ဆံရာမှာ အကောင်းဆုံးဖြစ်အောင် ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် အာဆီယံရဲ့ပဋိညာဉ်တွေကိုလည်း လေးစားတန်ဖိုးထားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးအခြေအနေတွေကြောင့် ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့က ပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ပြီး ဘုံသဘောတူညီချက် ၅ ရပ် ချမှတ်ခဲ့ပါတယ်။ ဒီဘုံသဘောတူညီချက်ကို ထုတ်ပြန်ခဲ့တဲ့အခါ မြန်မာနိုင်ငံအနေနဲ့ ASEAN WAY, ASEAN PRACTICE, ASEAN SPIRITများနဲ့သာ ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းမှာ ပြင်းထန်စွာခံစားခဲ့ရပြီး ကိုဗစ်–၁၉ ကပ်ဘေးရောဂါကျော်လွှားဖို့ အပြင်းအထန်လုံးပန်းနေရသလို ပြည်တွင်းဆူပူဆန္ဒပြအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်နေရတဲ့အတွက် နိုင်ငံတည်ငြိမ်မှုမရှိလို့ အာဆီယံဘုံသဘောတူညီချက် အကောင်အထည်ဖော်နိုင်ဖို့ အခက်အခဲရှိခဲ့ပါတယ်။ ယခုနှစ်မှာတော့ အခြေအနေအားလုံး တိုးတက်လာပြီဖြစ်တဲ့အတွက် ဘုံသဘောတူညီချက် ၅ ရပ်ထဲက ဦးစားပေးဆောင်ရွက်နိုင်တာတွေ အဖြစ်နိုင်ဆုံး အာဆီယံမူဘောင်နဲ့အညီ ဆောင်ရွက်သွားပါမယ်။ နိုင်ငံအနေနဲ့ မိမိပြည်တွင်းရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ၃ ရပ်ပါဝင်တဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့်ကိစ္စတွေမဖြစ်အောင် သုံးသပ်ဆောင်ရွက်နေပါတယ်။ နိုင်ငံပုံမှန်အခြေအနေဖြစ်လာတာနဲ့အမျှ တိုးတက်ဆောင်ရွက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ ကျွန်တော့်အနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ တာတာစတန်ပြည်နယ်တို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကာ ခရီးစဉ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR (အတာနာမီ) ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ၄က်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း၊ စစ်ဘက်၊ အရပ်ဘက် တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနဲ့ စက်ရုံ/ အလုပ်ရုံများအား သွားရောက်လေ့လာခဲ့ကြပြီး ခရီးတိုကာလအတွင်း နိုင်ငံအတွက် အကျိုးရှိတဲ့ ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**
**စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်ပြောကြားပါမယ်–**

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးဦးတည်ချက်(၃)ရပ်ကို အခြေခံမူဝါဒတွေချမှတ်ပြီး ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးမှာရှိတဲ့ စိုက်ပျိုး/မွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်နေတဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေတာရှိပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကနေ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်နဲ့ စိစစ်သုံးစွဲလျက်ရှိတဲ့ ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ **စာမျက်နှာ ၄ သို့ ☆**

# နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ပြည်တွင်းထွက်ကုန်တွေကို ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းထက် ကုန်ချောတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိ

☆ စာမျက်နှာ ၃ မှ
ကျန်စီးပွားရေးလုပ်ငန်းတွေကိုလည်း မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်များအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထလာစေဖို့အတွက် ချေးငွေများ ထုတ်ပေးခဲ့တာရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သိသာတဲ့တိုးတက်မှုတော့မရသေးပါဘူး။ ဒါ့ကြောင့် စီးပွားရေးအား ပိုမိုကောင်းစေလာစေဖို့ ကုန်ထုတ်လုပ်မှုကို ဦးစားပေးတဲ့ ယခုလို ထပ်မံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမြန်အကျိုးရလဒ်ဖြစ်စေမဲ့(Quick Win) လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအတွက် ပထမဦးစားပေး ဆောင်ရွက်သွားပါမယ်။ လာမယ့်နွေစပါးနဲ့ ဆောင်းသီးနှံများအနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းစိုက်ပျိုးရေး၊ ကြက်၊ ဝက်၊ ငါး/ပုစွန် မွေးမြူရေးနဲ့ တစ်သီးချင်း၊ တစ်သုတ်ချင်း ငွေကြေးစိုက်ထုတ်ပေးပြီး ဆောင်ရွက်ပါမယ်။ ဒုတိယဦးစားပေးက အဲဒီထွက်ကုန်များကို ကုန်ချောဆောင်ရွက်ပေးတဲ့ စက်ရုံ၊ အလုပ်ရုံများ အဆင့်မြှင့်တင်ရေး၊ SME မှာ အကျုံးဝင်မယ့်စက်ရုံများ တည်ထောင်ရေးကို ထောက်ပံ့ဆောင်ရွက်ပါမယ်။ နောက်ကျန်တဲ့ စက်ရုံ၊ အလုပ်ရုံများအတွက် ဆောင်ရွက်ပါမယ်။ သီးခြားလိုအပ်တဲ့လုပ်ငန်းများအတွက်လည်း တစ်ခုချင်းစီမံဆောင်ရွက်သွားပါမယ်။ ကျွန်တော်ထင်ပါတယ်။ ခြောက်လအတွင်း တိုးတက်မှုရပါလိမ့်မယ်။ (၁) အလုပ်အကိုင်အခွင့်အလမ်း များစွာပေါ်လာမယ်၊ (၂) အလုပ်လုပ်သူတိုင်း ဝင်ငွေရလာမယ်၊ (၃) ဝယ်လိုအား တိုးတက်လာမယ်၊ (၄) ရောင်းကုန်ပစ္စည်းများ တိုးတက်လာတဲ့အတွက် တိုင်းပြည်ဝင်ငွေ ပိုမိုတိုးတက်လာပါမယ်၊ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိပါတယ်၊ တိုင်းပြည်အားနဲ့ တိုင်းပြည်တိုးတက်အောင် လုပ်ကြရပါမယ်။

ကျွန်တော်တို့အစိုးရ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကုန်သွယ်မှုပိုငွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၂၂ ခုနှစ် မေလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရှိခဲ့ပြီး နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ပြည်တွင်းထွက်ကုန်တွေကို ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းထက် ကုန်ချောတင်ပို့နိုင်ရေးကို ဦးစားပေး လုပ်ဆောင်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လူဦးရေတိုးတက်လာတာနဲ့အမျှ ဆီစားသုံးမှုတွေများပြားလာပါတယ်။ ဒါ့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံစေဖို့အတွက် နေရာဒေသမရွေးစိုက်ပျိုးနိုင်တဲ့စားသုံးဆီထုတ်လုပ်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်တဲ့ တစ်ဧက ဆီထွက်နှုန်း ပိဿာ ၁၄၀ ခန့်ရရှိတဲ့ နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးဖို့ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ နေကြာသီးနှံကို တစ်နိုင်ငံလုံး စိုက်ဧက ၁ ဒသမ ၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ သီးသန့်စိုက်ဧရိယာ ၆၉၀၀၁၇ ဧကအတွက် လိုအပ်မယ့် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံကို အစိုးရက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ချေးခွင့်ပြုထားပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ဆီနဲ့ပတ်သက်ပြီး စက်မှုသုံးဆီနဲ့ စားသုံးဆီ နှစ်မျိုးရှိပါတယ်။ စက်မှုသုံးဆီက လျှော့ချမှုမဖြစ်နိုင်ပေမယ့် စားသုံးနှုန်းများပြားနေတဲ့ စားသုံးဆီကိုတော့ အတတ်နိုင်ဆုံး လျှော့ချသုံးစွဲဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။ တိုင်းရင်းသားပြည်သူများဘက်ကလည်း တတ်နိုင်တဲ့ဘက်က ကူညီဆောင်ရွက်ပေးကြပါလို့ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကစိုက်ပျိုးနေတဲ့ သီးနှံများအနက် မြေပဲတစ်မျိုးသာ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး ကျန်ပဲသီးနှံ၊ ဆီထွက်သီးနှံများဟာ ထပ်မံကြိုးစားဆောင်ရွက်ဖို့ လိုနေပါတယ်။ စိုက်ဧကတိုးချဲ့စရာမလိုဘဲ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ရင် ဝင်ငွေများစွာတိုးတက်လာမှာပါ။ နိုင်ငံတော်ပိုင်းက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေရရှိရေး တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေပါတယ်။ လယ်ယာလုပ်ငန်းသုံး ဒီဇယ်ဆီများရရှိရေးအတွက်လည်း နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

**လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေအရ CNG ဈေးနှုန်းတွေ အဆမတန်ကြီးမြင့်မှုတွေ ရှိပါတယ်။ နိုင်ငံမှာလည်း သဘာဝဓာတ်ငွေ့လုံလောက်စွာမရရှိခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေ ပြုပြင်နေရခြင်း၊ မဟာလျှပ်စစ်ဓာတ်အားလိုင်းတွေကို အကြမ်းဖက်သမားတွေက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းတွေကြောင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားကို အပြည့်အဝမရရှိတာ တွေ့ရှိရပါတယ်။ ဒါ့ကြောင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားတွေ ပြည့်ဝစွာထုတ်လုပ်နိုင်ဖို့အတွက် ရေအားလျှပ်စစ်စက်ရုံ ၂၉ ရုံ၊ ကျောက်မီးသွေးသုံးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၈ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်အလုံး ၆၁၀ နဲ့ နေရောင်ခြည်စွမ်းအင်သုံးစက်ရုံနှစ်ရုံတို့ကနေ ၇၁၂၁ မဂ္ဂါဝပ်ကို ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါတယ်။ စက်ရုံအသီးသီးက စုစုပေါင်းဓာတ်အားထုတ်လုပ်နိုင်မှုရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဟာ ရေအားလျှပ်စစ်စက်ရုံတွေကဖြစ်ပါတယ်။ ပြည့်ဖြိုးမြဲ လျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း အခု ၆၀၊ ၆၂၈၇ မဂ္ဂါဝပ်ထွက်ရှိရေးအတွက်လည်း စီမံဆောင်ရွက်နေပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ချက်ချင်းမလုပ်နိုင်ပါဘူး၊ မထွက်နိုင်ပါဘူး။ အမြန်ဆုံးဆိုတဲ့ နေရောင်ခြည်စွမ်းအင်သုံး(SOLAR) လျှပ်စစ်ဓာတ်အားပင်လျှင် တစ်နှစ်ခွဲကြာနိုင်ပါတယ်။ ရေအားလျှပ်စစ်ဟာ ငါးနှစ်အနည်းဆုံးကြာပါတယ်။**

**နိုင်ငံတော်အတွက် လိုအပ်နေတဲ့လျှပ်စစ်ဓာတ်အားတွေအတွက် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတွေက စုစုပေါင်း ၄၄၂ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ဆက်လက်ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒါ့အပြင် အလားအလာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံလျက်ရှိပါတယ်။**

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

**လူမှုရေးဆိုင်ရာဆောင်ရွက်ချက်တွေအနေနဲ့-**

ကျွန်တော်တို့နိုင်ငံမှာ ဘာသာပေါင်းစုံကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ နိုင်ငံရဲ့ ၈၇ ရာခိုင်နှုန်းခန့်ဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေဟာ နိုင်ငံရေးသမားတွေရဲ့ ဘာသာရေးဝါဒမှိုင်းလုံ့ဆော်ခြင်းနဲ့ လှုံ့ဆော်ခံရခြင်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့စရိုက်တွေ ဖျက်ဆီးမှိုင်းတိုက် ဝါဒဖြန့်မှုခံရခြင်းတို့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း သံဃာတော် ၅၂ ပါးနဲ့ သီလရှင်တစ်ပါးတို့ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရပြီး ကိုးပါး ဒဏ်ရာရရှိခဲ့ကာ ရှစ်ပါး ပျောက်ဆုံးခဲ့ပါတယ်။

ဒါ့အပြင် ဒီမိုကရေစီအစိုးရ(ဒုတိယသက်တမ်း)ကာလမှာ အခြေခံပညာကျောင်း သင်ခန်းစာတွေမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေတဲ့ သင်ခန်းစာတွေကို ထည့်သွင်းသင်ကြားစေခဲ့တဲ့အတွက် ဆရာ ဆရာမတွေကို အလေးဂရုပြုဆက်ဆံမှု မရှိတော့တဲ့အထိဖြစ်လာခဲ့ပါတယ်။ ဒီအကျိုးဆက်တွေကြောင့် ပညာရေးဝန်ထမ်း ၄၇ ဦး သေဆုံး၊ ၂၁ ဦး ဒဏ်ရာရရှိနဲ့ ပျောက်ဆုံး ၂၅ ဦး စုစုပေါင်း ၉၃ ဦး ရှိခဲ့ပါတယ်။ သံဃာတော်တွေနဲ့ ပညာရေးဝန်ထမ်းတွေ သတ်ဖြတ်ခံရမှုတွေမှာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးမှာ အများဆုံးဖြစ်နေတာကို တိုက်ဆိုင်စွာ အံ့အားသင့်ဖွယ်တွေ့ရှိရပါတယ်။ အကြမ်းဖက်သတ်ဖြတ်မှုများမှာ ပြစ်မှုကျူးလွန်သူဖမ်းဆီးရမိရေး၊ တရားဥပဒေနှင့်အညီ စစ်ဆေးရေး၊ ထိရောက်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ရေးတို့ကို ပြုလုပ်နေပါတယ်။ No One Above the Law ပါ၊ ဥပဒေအတိုင်း ရင်ဆိုင်ကြရပါမယ်။

Online Media တွေပေါ်မှာ လူငယ်တွေဟာ မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး လွဲမှားစွာအသုံးချခဲ့ကြပါတယ်။ ဒါ့ကြောင့် လူငယ်တွေစိတ်ပိုင်းဆိုင်ရာအားနည်းပြီး သက်ဆိုင်ရာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေကို စောင့်ထိန်းလိုစိတ်တွေ ချို့တဲ့လာခဲ့ပါတယ်။ ဒါ့ကြောင့် မိမိတို့တာဝန်ယူတဲ့ တိုတောင်းတဲ့ကာလအတွင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုတွေကို တတ်နိုင်တဲ့အတိုင်းအတာအလျောက် ပြန်လည်ဖော်ထုတ်ပေးဖို့ ရည်ရွယ်ခဲ့ပါတယ်။ နိုင်ငံတော်အဆင့် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွေကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပဆောင်ရွက်သွားဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။

ကျွန်တော်တို့အစိုးရဟာ တစ်မျိုးသားလုံး လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်နှိမ်နင်းရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ယူထမ်းဆောင်စဉ်ကာလတွင် မူးယစ်ဆေးဝါးနဲ့ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၁၅၄၆၇၀၅ ဒသမ ၆၃၆၅ သန်း(USD ၈၃၆ ဒသမ ဝ၆ သန်း)ကျော် ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို ပိုမိုအရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဆိုပါမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်အတွင်းကသာ အဓိကလာတာဖြစ်ကြောင်း ကျွန်တော်တို့ ဖော်ထုတ်ရရှိထားပြီးဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုတွေ လုံးဝမရှိတဲ့အထိ ရှာဖွေ၊ ဖော်ထုတ်၊ နှိမ်နင်းဖို့ကို ပိုမိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှုနဲ့ နယ်မြေအခြေအနေတွေကြောင့် အခြေခံပညာစာသင်ကျောင်း စုစုပေါင်း ၃၉၂၄၂ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူစုစုပေါင်း ၄၂၂၅၈၈၇ ဦး တက်ရောက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်ခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ၂၈၁၇၅၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၂၃၈၇၇ ဦး(၄၆ ဒသမ ၈၈) ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံးတဲ့အထိ ပညာသင်ကြားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာကျောင်းများကိုလည်း ဇွန်လ ၂ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားကျောင်းသူပေါင်း ၇ ဒသမ ၂ သန်းကျော် တက်ရောက်ပညာသင်ကြားနေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာတတ်မြောက်မှုများဟာ ခေတ်မီနိုင်ငံဖြစ်စေဖို့ လိုအပ်ချက်များစွာရှိနေတဲ့အတွက် အခြေခံပညာသင်ကြားရေးကို မပျက်မကွက် လုပ်ဆောင်စေချင်ပါတယ်။ အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက်စေလိုပါတယ်။ ကျေးလက်စီးပွားရေးနဲ့ SME များမှာ အထောက်အကူရရှိနိုင်စေဖို့ လာမယ့်ပညာသင်နှစ်မှာ ပထမအဆင့် ခရိုင် ၅၀ မှာ အထက်တန်းကျောင်း တစ်ကျောင်းစီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုပညာရပ်များ စာမျက်နှာ ၅ သို့ ☆

> **ကျွန်တော်တို့နိုင်ငံရဲ့ ပညာတတ်မြောက်မှုများဟာ ခေတ်မီနိုင်ငံဖြစ်စေဖို့ လိုအပ်ချက်များစွာရှိနေတဲ့အတွက် အခြေခံပညာသင်ကြားရေးကို မပျက်မကွက် လုပ်ဆောင်စေချင်ပါတယ်။ အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက်စေလိုပါတယ်။ ကျေးလက်စီးပွားရေးနဲ့ SME များမှာ အထောက်အကူရရှိနိုင်စေဖို့ လာမယ့်ပညာသင်နှစ်မှာ ပထမအဆင့် ခရိုင် ၅၀ မှာ အထက်တန်းကျောင်း တစ်ကျောင်းစီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုပညာရပ်များ တွဲဖက်သင်ကြားပေးပါမယ်။ Grade - 10 ကနေ Grade - 12 အထိ ဖြစ်ပါတယ်။ သူတို့အောင်ပြီးရင် သတ်မှတ်အရည်အချင်း ကိုက်ညီသူများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံ သုံးနှစ် သင်ကျောင်းတွေမှာ ဆက်လက်သင်ကြားလို့ရပါမယ်။ ထူးချွန်သူများက တက္ကသိုလ်ဆက်တက်ကြရပါမယ်။ ဒီလိုပဲ ပုံမှန်အထက်တန်းကျောင်းတွေကလည်း Grade-12 နဲ့ပြီးရင် မိမိရွေးချယ်တက်ရောက်လိုတဲ့ အဆင့်မြင့်ပညာများ သတ်မှတ်ချက်နဲ့အညီ သင်ကြားခွင့်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး လုပ်ဆောင်ကြရပါမယ်**

☆ စာမျက်နှာ ၄ မှ

တွဲဖက်သင်ကြားပေးပါမယ်။ Grade – 10 ကနေ Grade – 12 အထိဖြစ်ပါတယ်။ သူတို့အောင်ပြီးရင် သတ်မှတ်အရည်အချင်း ကိုက်ညီသူများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံ ၃ နှစ်သင် ကျောင်းတွေမှာ ဆက်လက်သင်ကြားလို့ရပါမယ်။ ထူးချွန်သူများက တက္ကသိုလ်ဆက်တက်ကြရပါမယ်။ ဒီလိုပဲ ပုံမှန်အထက်တန်းကျောင်းတွေကလည်း Grade–12 နဲ့ပြီးရင် မိမိရွေးချယ်တက်ရောက်လိုတဲ့ အဆင့်မြင့်ပညာများ သတ်မှတ်ချက်နဲ့အညီ သင်ကြားခွင့်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးလုပ်ဆောင်ကြရပါမယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါကို ၂၀၂၀ **ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ စတင်တွေ့ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့အထိ ပိုးတွေ့လူနာ စုစုပေါင်း ၆၁၄၀၈၃ ဦးရှိပါတယ်။** ဇူလိုင်လ ၂၃ ရက်နေ့အထိ ၃၅၉၈၁၅၃၅ ဦးကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးဝယ်ယူမှုနဲ့လှူဒါန်းမှု စုစုပေါင်း ၇၆ သန်းကျော် Doses ရရှိပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်မှုအနေနဲ့ ၄၀၉၁၆၂၅ Doses ထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

အားကစားကဏ္ဍအနေနဲ့ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အားကစားသမား ၂၈၇ ဦးနဲ့ အားကစားနည်း ၂၀ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု၊ စုစုပေါင်း ၆၂ ခုရရှိခဲ့ပါတယ်။ အကြိမ် (၃၀)မြောက်ပြိုင်ပွဲထက် ၂ ဒသမ ၂၅ ဆ ပိုမိုအောင်မြင်ခဲ့ပါတယ်။ (၂၉)ကြိမ်နဲ့ အကြိမ်(၃၀)မြောက်ပြိုင်ပွဲဝင် အားကစားသမားအရေအတွက်ထက် နည်းပြီး ရွှေတံဆိပ်ရရှိမှု ပိုမိုအောင်မြင်မှုရရှိခဲ့တာကို တွေ့ရှိရပြီး ဆုရရှိကြတဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေရဲ့ ဘဝအာမခံချက်ရရှိစေဖို့အတွက် အသိအမှတ်ပြုဆောင်ရွက်ပေးခဲ့ပါတယ်။ လာမယ့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို** ပြောပါမယ်–

တိုင်းပြည်သာယာဝပြောရေးဆိုတာ ငြိမ်းချမ်းရေးကိုအခြေခံပြီး အလုပ်အကိုင် အခွင့်အလမ်းတွေကို ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဆောင်ရွက်နိုင်မှုပဲဖြစ်ပါတယ်။ သဘာဝသယံဇာတတွေပေါကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးရရှိမှုမြန်ဆန်လာတာနဲ့အမျှ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်သာယာဝပြောဖို့အတွက် ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတာဝန်တွေကို ထိခိုက်မှုအနည်းဆုံးနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တွေကို စိတ်ရှည်သည်းခံဆောင်ရွက်နေရပါတယ်။ တရားဥပဒေစိုးမိုးမှုအရိပ်၊ အေးချမ်းမှုအရိပ်တွေ မြို့ပြနဲ့ကျေးလက်ဒေသတွေပါမကျန် လွှမ်းခြုံသွားဖို့ ဆက်လက်လုပ်ဆောင်လျက်ရှိနေပါတယ်။

နိုင်ငံသားတိုင်းရဲ့ အသက်ရှင်သန်ရပ်တည်နေထိုင်နိုင်ဖို့ စားနပ်ရိက္ခာဟာလိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးဧကပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနဲ့ ဝါကိုအဓိကစိုက်ပျိုးကြပါတယ်။ အချို့နေရာတွေမှာ တစ်သီးစားနဲ့ အချို့နေရာတွေမှာ သီးထပ်စိုက်ပျိုးခြင်းတွေ ဆောင်ရွက်ကြပါတယ်။ နိုင်ငံအဝှမ်းရှိ လူတစ်ဦးရဲ့ ၁ နှစ် ဆန်စားသုံးမှုဟာ ၁၅၅ ကီလိုဂရမ်(၉၇ ပြည်ခန့်) စားသုံးမှုရှိတဲ့အတွက် ဖူလုံပိုလျှံမှုရှိပါတယ်။ ဆန်ပြည်ပကိုတင်ပို့နိုင်ရေးအတွက် စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ပြည်သူတွေ စားရေရိက္ခာ ဖူလုံမှုရှိစေဖို့နဲ့ ဝဝလင်လင်စားသုံးစေနိုင်ဖို့အတွက် အဓိကစားသုံးတဲ့ ဆန်နဲ့ဂျုံကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အခြားသော ဖြည့်စွက်စာတွေကိုလည်း တစ်ဖက်တစ်လမ်းက တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

> **နိုင်ငံအတွင်းမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်လူနေမှုဘဝမြင့်ရင် တိုင်းပြည်ရဲ့ လူမှုအဆင့်အတန်းလည်း မြင့်မားမှာဖြစ်**

နိုင်ငံအတွင်းမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်လူနေမှုဘဝမြင့်ရင် တိုင်းပြည်ရဲ့ လူမှုအဆင့်အတန်းလည်း မြင့်မားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို** ပြောပါမယ်–

> **ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူတွေ လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့မသမာမှုလုပ်ဆောင်ခြင်း စတာတွေပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမဲမသမာမှုတွေဟာ နိုင်ငံရဲ့ ဒီမိုကရေစီ ယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့**

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့်လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့်လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။

ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူတွေ လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့မသမာမှု လုပ်ဆောင်ခြင်း စတာတွေပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမဲမသမာမှုတွေဟာ နိုင်ငံရဲ့ ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အတွက် ရွေးကောက်ပွဲမှာ အသုံးပြုမယ့်မဲစာရင်းတွေ ပြည့်စုံမှန်ကန်ဖို့ကလည်း အရေးကြီးတဲ့အချက်ပါပဲ။ အခြေခံမဲစာရင်းတွေမှန်ကန်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပြုစုနေပါတယ်။ ပြုစုပြီးရင် သက်ဆိုင်ရာ မြို့နယ်အခြေစိုက်နိုင်ငံရေးပါတီတွေရဲ့ ပူးပေါင်းပါဝင်စိစစ်မှုနဲ့ မဲစာရင်းတွေ ပြည့်စုံမှန်ကန်ဖို့ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွေနဲ့ နိုင်ငံရေးပါတီတွေ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များပြုစုခြင်းအပါအဝင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၈ နဲ့ နည်းဥပဒေ ၂၃ တို့နဲ့အညီ ၂၀၂၁ ခုနှစ် ဩဂုတ်လမှစပြီး နိုင်ငံရေးပါတီတွေရဲ့စာရင်းတွေကို စုစည်းခဲ့ရာ ၂၀၂၂ ခုနှစ် ဇူလိုင်လကုန်အထိ ပါတီ ၈၅ ပါတီကို စုစည်းပြီးဖြစ်ကာ စစ်ဆေးရန်ကျန်ပါတီတွေကို ဆက်လက်စစ်ဆေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေရမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကို စုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာ အရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနဲ့ တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်များကို ဆက်လက်တာဝန်ယူထမ်းဆောင်သွားမယ့် အခြေအနေများကို**ပြောပါမယ်–

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီးတရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၆ သို့ ☆

# ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်

☆ စာမျက်နှာ ၅ မှ

လက်ရှိ ၆ လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေအချို့၊ မကွေးတိုင်းဒေသကြီး (မြောက်ပိုင်း)နယ်မြေအချို့၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် နယ်မြေအချို့တို့မှာ နောက်ကွယ်က ကေအိုင်အေနဲ့ ကေအင်န်ယူသောင်းကျန်းသူတွေရဲ့ လူအင်အားနဲ့ လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းတွေကို ယခင်ကထက် ပိုမိုပါဝင်ပံ့ပိုးကူညီမှုတွေကြောင့် တာဝန်ယူပြီးခဲ့တဲ့ တစ်နှစ်တာသက်တမ်းကာလနဲ့ နှိုင်းယှဉ်ပါက အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖျက်ဆီးမှုတွေ ပိုမိုများပြားလာခဲ့တဲ့အတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး မူလအခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းဖို့ ဆက်လက်ဆောင်ရွက်ဖို့လိုအပ်လျက်ရှိပါတယ်။ ဖမ်းဆီးရမိတဲ့ လက်နက်၊ ခဲယမ်းမီးကျောက်အချို့ဟာ KIA တို့ ထုတ်လုပ်တဲ့ လက်နက်များ၊ KNU လှုပ်ရှားရာ မြန်မာ-ထိုင်း နယ်စပ်ဒေသများက ဝင်ရောက်လာတာဖြစ်တဲ့အတွက် တရားမဝင် လက်နက်ထုတ်လုပ်၊ ဝယ်ယူ၊ သယ်ပို့ခြင်းများမရှိစေရအောင် အလေးထားဆောင်ရွက်သွားပါမယ်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေ ရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံ ကောင်းမွန်လာမှာဖြစ်ပါတယ်။

အခြေခံမဲဆန္ဒရှင်စာရင်းတွေ ပြည့်စုံမှန်ကန်စေဖို့အတွက်လည်း မြေပြင်လူဦးရေစာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစီမံချက်အရ မြို့နယ်ပေါင်း ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၁၄ မြို့နယ်ဆောင်ရွက်ဆဲနဲ့ ၁၃ မြို့နယ်ဆောင်ရွက်ရန်ကျန်ရှိတဲ့အတွက် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ ဥပဒေကို ကျော်လွန်ပြီး မဲပေးခဲ့ကြပါတယ်။ ဒါ့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးဖို့ အကျုံးဝင်သူ ၃ ဒသမ ၄ သန်းကို ပန်းခင်းစီမံချက်နဲ့ ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ရာမှာ ၃ ဒသမ ၃ သန်းခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အချို့နေရာဒေသတွေမှာ အကြမ်းဖက်အဖွဲ့တွေရဲ့ ခြိမ်းခြောက်တားမြစ်မှုတွေကြောင့် လုပ်ငန်းဆောင်ရွက်တွေမှု နှေးကွေးရပ်တန့်နေရခြင်းဖြစ်ပါတယ်။ ရာနှုန်းပြည့်ပြီးစီးနိုင်ဖို့ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူတွေဟာ ၎င်းတို့ရဲ့ အခွင့်အရေးအရ မဲပေးနိုင်ဖို့အတွက် နိုင်ငံသားကတ်ပြား ထပ်မံထုတ်ပေးဖို့လိုအပ်လျက်ရှိတဲ့ ခန့်မှန်းလူဦးရေ ၁၇၄၈၅၇၅ ဦး(၁ ဒသမ ၇ သန်းကျော်)ကို ပန်းခင်းစီမံချက်အဆင့်(၂)နဲ့ ဆက်လက်လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေ အဆင်ပြေစေဖို့အတွက် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့တဲ့ ခရိုင် ၄၆ ခရိုင်ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတွေ ပိုမိုအဆင်ပြေချောမွေ့စေရေး ဆောင်ရွက်နိုင်ဖို့ လိုအပ်လျက်ရှိနေသေးတဲ့အတွက် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှု ရှိတဲ့ပုံစံနဲ့အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှခံစားနိုင်ရပါမယ်။ ဒီလို နိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲဖို့၊ နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှ ခံစားနိုင်ဖို့အတွက် အချက် နှစ်ချက် ပြုပြင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါတွေကတော့ နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ခြင်းနဲ့ တိုင်းရင်းသားရေးအရ ပြုပြင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ဒီအချက် နှစ်ချက်ဟာ သီးခြားစီထင်ရပေမယ့် တစ်ခုနဲ့တစ်ခု ခွဲမရအောင် ဆက်စပ်လျက်ရှိပါတယ်။ နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ဖို့လိုအပ်ချက်ကတော့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် စတင်လျှောက်လှမ်းကတည်းက အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ်ရှိပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပနိုင်တဲ့ မြို့နယ်အရေအတွက် နည်းပါးလာတာကိုတွေ့နိုင်ပါမယ်။ ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်အများစုကလည်း တိုင်းရင်းသားနယ်မြေတွေဖြစ်တာကိုလည်း တွေ့ရပါမယ်။ ဒီမိုကရေစီစနစ်နဲ့ရွေးချယ်ခံရပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ်ဆိုတဲ့ အစိုးရတွေ လက်ထက်မှာမှ ရွေးကောက်ပွဲမကျင်းပဖြစ်လို့ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးရတဲ့ တိုင်းရင်းသားဒေသတွေ များပြားလာတာဟာ ကျွန်တော်တို့သတိပြုရမယ့် အချက်ပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်တွေမှာ တည်ငြိမ်အေးချမ်းမှုမရှိလို့လို့ အကြောင်းပြချက်တွေရှိပါတယ်။ နောက်ကွယ်ကအကြောင်းအရာတွေ ဘယ်လိုပဲရှိရှိ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိပါတယ်" တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေးတွေ ပိုမိုပေးအပ်နိုင်ဖို့ ဆောင်ရွက်ရန်သာအဖြေရှိပါမယ်။ တိုင်းရင်းသားတွေဟာ သူတို့ရဲ့အခွင့်အရေးတွေ၊ နစ်နာမှုတွေကို တရားဝင်နိုင်ငံရေးစင်မြင့်မှာ ပြောခွင့်၊ ဆိုခွင့်၊ တောင်းဆိုခွင့်ပေးရပါလိမ့်မယ်။ ဒါကိုပေးဖို့ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွေပဲဖြစ်ပါမယ်။ ဒီတော့ လွှတ်တော်အသီးသီးမှာ တိုင်းရင်းသားတွေ၊ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ပါဝင်နိုင်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိရွေးကောက်တင်မြှောက်မှုစနစ်ဟာ "နိုင်သူအကုန်ယူ"(FPTP-First Past The Post)ဖြစ်ပါတယ်။ ပါတီကြီးတွေရဲ့ လွှမ်းမိုးမှုတွေကြောင့် တိုင်းရင်းသားတွေ၊ လူထုလူတန်းစားအလွှာအချို့ကိုကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီများဟာ အင်အားနည်းတာကို တွေ့နိုင်ပါတယ်။ ဒီတော့သူတို့ဟာ ရွေးချယ်ခံရမှုနည်းပါးပြီး သူတို့ရဲ့ အသံတွေကို တရားဝင်နိုင်ငံရေးစင်မြင့်(လွှတ်တော်)တွေမှာ ကြားရတာနည်းပါးပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးပါတီတွေကို လေ့လာကြည့်ပါ။ အခြေခံအားဖြင့် သုံးမျိုးသာ ခွဲခြားနိုင်ပါလိမ့်မယ်။ (၁) နိုင်ငံရေးအယူဝါဒကို ကိုယ်စားပြုတဲ့ပါတီများ၊ (၂)ဒေသကိုကိုယ်စားပြုတဲ့ပါတီများနဲ့ (၃)တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ ပါတီများဖြစ်ပါတယ်။ အားလုံးဟာ ကိုယ့်အစုအဖွဲ့နဲ့ကိုယ် ထောက်ခံမှုများရှိကြပါတယ်။ ဒီပါတီတွေအားလုံး နိုင်ငံရေးစင်မြင့်မှာ(လွှတ်တော်မှာ)ပါဝင်နိုင်ဖို့၊ ကိုယ်စားပြုနိုင်ဖို့၊ ပြောနိုင်ဆိုနိုင်ဖို့ ဘာတွေကျွန်တော်တို့ လုပ်ဖို့လိုသလဲ၊ ရွေးကောက်ပွဲစနစ်ကို ပြုပြင်ပြောင်းလဲမှ ဖြစ်ပါမယ်။ လက်ရှိအသုံးပြုနေတဲ့ နိုင်သူအကုန်ယူ(FPTP)စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ်(PR-Proportional Representation)ကို ထည့်သွင်းဆောင်ရွက်ဖို့ လိုကြောင်း တွေ့ရပါတယ်။ **ဒီလိုပြင်ဆင်ရာမှာ အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ပြင်ဆင်ရမှာဖြစ်သလို နိုင်ငံရေးပါတီတွေအနေနဲ့လည်း ပြင်ဆင်ရမှာဖြစ်ပါတယ်။ အဲဒီလိုပြင်ဆင်နိုင်ရန် လုံလောက်တဲ့အချိန် ရယူသွားရမှာပဲဖြစ်တယ်။**

ကျွန်တော်တို့ပြည်ထောင်စု ရေရှည်တည်တံ့ဖို့၊ နိုင်ငံတော်အဓွန့်ရှည်ကြာဖို့၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားဖို့ ဒီစနစ်ကို အကောင်အထည်ဖော်ရပါမယ်။ ဒါမှသာ ပြည်သူနဲ့ ဒီမိုကရေစီစနစ်ဟာ သဟဇာတဖြစ်ပါလိမ့်မယ်။ ဒါကို ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ (၁)ပြည်သူလူထုကို အသိပညာပေးဖို့လိုပါတယ်၊ (၂)ဒီစနစ်ဖြစ်လာဖို့ အစီအစဉ်တွေချမှတ်ဖို့လိုပါတယ်၊ (၃)အားလုံး ပါဝင်ဖို့လိုအပ်ပါမယ်။

ဒီကိစ္စတွေဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ကျွန်တော်ကိုယ်တိုင် ဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးသမျှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ လက်ခံကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)အရ လွှတ်တော်ကသာ ပြင်ဆင်နိုင်ပါတယ်။ ဒီအတွက် အခုကျွန်တော်တို့ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ လွှတ်တော်အရ ပြင်ဆင်နိုင်ဖို့ လွှတ်တော်ထဲမှာ တိုင်းရင်းသားကိုယ်စားပြုပါတီတွေ၊ ဒေသကိုယ်စားပြုပါတီတွေ ရောက်လာဖို့လိုပါတယ်။ ဒါကို ကျွန်တော်တို့ကြိုးပမ်းနေပါတယ်။ EAO များ (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ)ကလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော်ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ"(Keep Moving Forward to Achieve Our Goal)ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ထပ်မံဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

ကျေးဇူးတင်ပါတယ်။

> **"ကျွန်တော်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော်ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်"**

# မိုင်းဆတ်မြို့နယ် မိုင်းကျက်ကျေးရွာရှိ မိုင်းကျက်အထက်ဂူတွင် ၃ နှစ် ၃ လ ၃ ရက် အဓိဋ္ဌာန်ဝင်တော်မူပြီး အဓိဋ္ဌာန်ပြည့်၍ မိုင်းကျက်အထက်ဂူမှ ပြန်လည်ထွက်တော်မူလာသည့် မိုင်းဖုန်းဆရာတော်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းကျက်ကျေးရွာအနီးရှိ မိုင်းကျက်အထက်ဂူအတွင်း ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက်မှစတင်၍ ၃ နှစ် ၃ လ ၃ ရက်တိတိ တရားကျင့်ကြံအားထုတ် အဓိဋ္ဌာန်ဝင်တော်မူလျက်ရှိသော မိုင်းဖုန်းဆရာတော်ကြီး အရှည၀ါသီ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဉာဏသံဝရသည် ယနေ့နံနက်ပိုင်းတွင် အဓိဋ္ဌာန်ပြည့်တော်မူပြီး မိုင်းကျက်အထက်ဂူမှ ပြန်လည်ထွက်တော်မူရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အသီးသီးနှင့် အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကြသည့် ဒေသခံတိုင်းရင်းသားပြည်သူအပေါင်းက ဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ မိုင်းဖုန်းဆရာတော်ကြီးသည် မိုင်းကျက်အထက်ဂူမှ အဓိဋ္ဌာန်ပြည့်တော်မူပြီး ပြန်လည်ထွက်တော်မူလာရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများက ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်ကြီးအား မိုင်းကျက်အထက်ဂူမှ မင်္ဂလာစုမ့်မိန်းဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများက မင်္ဂလာစုမ့်မိန်းဝေါယာဉ်တော်အား နမ့်စင်ချောင်းသို့ ပင့်ဆောင်ကြပြီး နမ့်စင်ချောင်းဘေးတွင် ဆရာတော်ကြီးက ဆံတော်ရိပ်ပယ်တော်မူ၍ တစ်ပါးထိုင်ကျောင်းတော်တွင် သီတင်းသုံးတော်မူကာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မေတ္တာရေအေး တရားဓမ္မများ ချီးမြှင့်တော်မူရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ တရားဒေသနာတော်များကို နာယူကြသည်။

အဆိုပါ မိုင်းဖုန်းဆရာတော်ကြီး အရှည၀ါသီအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏသံဝရသည် မိုင်းကျက်အထက်ဂူအတွင်း ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက်မှစတင်၍ ၃ နှစ် ၃ လ ၃ ရက်တိတိ တရားကျင့်ကြံအားထုတ် အဓိဋ္ဌာန်ဝင်တော်မူကာ ယနေ့တွင် အဓိဋ္ဌာန်ပြည့်ဂူထွက်တော်မူခဲ့ခြင်းဖြစ်ပြီး ဆရာတော်ကြီးသည် တရားကျင့်ကြံအားထုတ် အဓိဋ္ဌာန်ဝင်တော်မူနေစဉ်အတွင်း လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မေတ္တာရေအေး တရားဓမ္မများ ရှမ်းဘာသာဖြင့်ရေးသားကာ ဆရာတော်ကြီး၏ တပည့်တော်များက ဆရာတော်ကြီး၏ လစဉ်မေတ္တာပို့စာများကို မြန်မာဘာသာ၊ ရှမ်းဘာသာများဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# မန္တလေးတိုင်းဒေသကြီးအတွင်း အကျိုးတူကန်ထရိုက်လယ်ယာစနစ် ပိုမိုဖွံ့ဖြိုးလာရေးဌာန၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ပိုမိုဖွံ့ဖြိုးလာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေပြီး ရေလိုအပ်ချက်နည်းသည့် တန်ဖိုးမြင့်သီးနှံများ ပြောင်းလဲစိုက်ပျိုးရေးနှင့် အထူးသဖြင့် နိုင်ငံတကာတွင် လိုအပ်ချက်ရှိနေသော စားသုံးဆီ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အထွက်နှုန်းကောင်း စပ်မျိုးများနှင့် မျိုးချန်မျိုးထား စိုက်ပျိုးနိုင်သည့် မျိုးကောင်းမျိုးသန့်များ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဌာန၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကျိုးတူကန်ထရိုက်လယ်ယာစနစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်သူများအကြား အပြန်အလှန် နားလည်ယုံကြည်မှုနှင့် အကျိုးစီးပွား မျှဝေခံစားနိုင်ရေး ရည်ရွယ်ချက်ကောင်းများ ထားရှိဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များနှင့် တောင်သူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ သရက်ကုန်းငါးလုပ်ငန်းစခန်းသို့ ရောက်ရှိကြပြီး သဘာဝနည်းဖြင့် ငါးသားပေါက်ရရှိရေး ဆောင်ရွက်နေမှု၊ ဆေးထိုးသားဖောက်နည်းဖြင့် ထုတ်လုပ်နေမှု၊ ငါးမွေးတောင်သူများကို ငါးသားပေါက်များ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ နှစ်စဉ်ဆောင်ရွက်လျက်ရှိသော ငါးမျိုးများ စိုက်ထည့်ပေးခြင်းလုပ်ငန်းများအတွက် ငါးသားပေါက်ထုတ်လုပ်ပေးနေမှုများ၊ ငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ငါးထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ် မြန်မာနှင့်ဗီယက်နမ် ယနေ့ကစားမည်

**ရန်ကုန် ဩဂုတ် ၁**

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် မြန်မာနှင့် ဗီယက်နမ်၊ ည ၇ နာရီခွဲတွင် ဩစတြေးလျနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ဒုတိယနေရာရခဲ့သဖြင့် ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် အုပ်စုပွဲများတွင် ပွဲတိုင်းအနိုင်ရလာသည့်အသင်းဖြစ်ပြီး စင်ကာပူအသင်းကို ကိုးဂိုးပြတ်၊ အိမ်ရှင်အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို ခုနစ်ဂိုးပြတ်၊ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ မြန်မာအသင်းမှာမူ မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရကာ ဩစတြေးလျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို အနိုင်ရပြီးကတည်းက ဆီမီးဖိုင်နယ်တက်ရောက်ပြီးဖြစ်သောကြောင့် ဩစတြေးလျအသင်းနှင့် အုပ်စုနောက်ဆုံးပွဲတွင် အမာခံကစားသမားအများစုကို အနားပေးခဲ့ပြီး အရန်ကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်ကျင်းပပြီးနောက်ပိုင်း ရှစ်နှစ်အကြာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ မကစားရသော်လည်း တစ်ပွဲထက်တစ်ပွဲ ကစားပုံတည်ငြိမ်လာပြီး ယနေ့ကစားမည့် ဆီမီးဖိုင်နယ်ပွဲတွင်လည်း ဗီယက်နမ်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားမှာ သေချာနေသည်။

**ကိုညီလေး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တပ်နယ်ခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြို့ပေါ်ရပ်ကွက်များတွင် ရှင်းလင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစဉ်။

**✪ ကျောဖုံးမှ**

ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား တပ်နယ်ခန်းမ၌ တပ်နယ်မှူးဗိုလ်မှူးချုပ်ဇော်မင်းလတ်၊ မြို့တော်ဝန် ဦးကျော်ဆန်းတို့က ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှု၊ ဂဲလောင်းချောင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ပျက်စီးဆုံးရှုံးမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စသည့်အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဂဲလောင်းချောင်းအတွင်း ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုများကောင်းမွန်၍ ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်ထိန်းသိမ်းနိုင်ခဲ့သည့် အခြေအနေ၊ ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ကြီး ၂၁ ခုအနက် ကိုးခု ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ရေကျချိန် ကျန်ရှိခဲ့သည့် အမှိုက်သရိုက်နှင့် အနည်အနှစ်များကို အမြန်ဆုံးရှင်းလင်းနိုင်ရေး မြို့နေပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေ၊ မြို့ဧရိယာအတွင်း ဂဲလောင်းချောင်း စီးဆင်းရာ နှစ်မိုင်ခွဲအပါအဝင် BE FALL အထိ ခုနစ်မိုင်အရှည်ကို တပ်နယ်မှ တပ်မတော်သားများနှင့် ပူးပေါင်းကာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရမည့်အခြေအနေ၊ ပျက်စီးခဲ့သည့် ကျောင်း၊ ဆေးရုံ၊ ခြံစည်းရိုးများနှင့် နေအိမ်အချို့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်ရေး အမြန်ဆုံးဆောင်ရွက်ရမည့် အခြေအနေ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သတ်မှတ်ထားသော နှုန်းထားဖြင့် ထောက်ပံ့ပေးရန် လုပ်ဆောင်ရမည့်အခြေအနေ၊ သဘာဝဘေးအန္တရာယ်အလွန်ကာလ ဆောင်ရွက်ရမည့် နောက်ဆက်တွဲလုပ်ငန်းများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုမှစ၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ကွက်အသီးသီးတွင် တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ ရေစီးရေလာကောင်းမွန်ရေးကို နှစ်စဉ်ပုံမှန်ဆောင်ရွက်ခြင်းဖြင့် နောင်ရေကြီးရေလျှံမှုကို တားဆီးနိုင်မည့်အခြေအနေ၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်ဖြစ်သော ပြင်ဦးလွင်မြို့သည် အပန်းဖြေမြို့၊ ခရီးသွားမြို့ဖြစ်၍ အမြန်ဆုံးသန့်ရှင်းသပ်ရပ်ကာ အမြန်ဆုံးမူလအခြေအနေပြန်ရောက်စေရေး ဆောင်ရွက်ရမည့် အခြေအနေများကို အသေးစိတ်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သည့် ပွဲကောက်ရေတံခွန်(BE FALL)၊ ကန်တော်လေး ရေထွက်ပေါက်၊ ရေထိန်းတံခါး၊ ကန်တော်ကြီးအမှတ်(၄)ကန်နှင့် မြို့ပေါ်ရပ်ကွက်များကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အားကစားခန်းမ၌ ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ရေဘေးသင့်ပြည်သူ ၂၅၀ ခန့်နှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် ယခုဖြစ်ပေါ်မှုသည် ပြင်ဦးလွင်မြို့တွင် နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင်မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့၍ ရှစ်နာရီခန့်အတွင်း မိုးရေချိန် ၁၀ ဒသမ ၄၇ လက်မအထိ ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ ဂဲလောင်းချောင်း ရေကြီး၊ ရေလျှံဖြစ်ပွားမှုကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးတို့ရှိ တာဝန်ရှိသူများက အချိန်နှင့် တစ်ပြေးညီ အဆင့်ဆင့်တင်ပြမှုကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်စဉ်အခြေအနေအသေးစိတ်ကို သိရှိနေပြီး လိုအပ်သောစီမံမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုကဲ့သို့ လာရောက်ခြင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား လာရောက်ခြင်းဖြစ်ပြီး တစ်ဖက်တွင်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

သဘာဝဘေးဒဏ်ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများစွာရှိပြီး သဘာဝကြောင့် ဖြစ်ပေါ်ခြင်းများရှိသကဲ့သို့ လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ဂေဟစနစ်ပျက်ယွင်း၍ ဖြစ်ပေါ်ခဲ့သည်များလည်းရှိကြောင်း၊ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ သဘာဝသစ်တောများ အလွန်အကျွံခုတ်ထွင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်သော စက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စသော လုပ်ဆောင်မှုများကြောင့် ကမ္ဘာကြီးပူနွေးရာမှတစ်ဆင့် မမျှော်မှန်းနိုင်သောသဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်သည် မျှော်မှန်းရန်ခက်ခဲ၍ အစိုးမရသော်လည်း၊ မိမိတို့အစိုးရအနေဖြင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် အကောင်းဆုံးရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း၊ ဇူလိုင် ၃၁ ရက် နံနက်စောစောပိုင်းတွင်ဖြစ်ပွားခဲ့သည့် ဂဲလောင်းချောင်းရေကြီးမှုသည် အိုးအိမ်အချို့နှင့် အုပ်ချုပ်မှု၊ ကျောင်းတို့၏ ခြံစည်းရိုးအချို့ ထိခိုက်ပျက်စီးခဲ့ပြီး လူဦးရေ ၄၀၀ ကျော်ခန့်ကို ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ကယ်ဆယ်ပေးခဲ့ရကြောင်း၊ မျှော်မှန်းမထားသည့် ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခဲ့သော်လည်း မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ မြို့နေပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ဂဲလောင်းချောင်း ရေကြီးရေလျှံမှုကို ဇူလိုင် ၃၁ ရက်မှ သြဂုတ် ၁ ရက် နံနက် ၉ နာရီအထိ အချိန်တိုအတွင်း မူလအခြေအနေရောက်ရှိအောင် ဆောင်ရွက်နိုင်မှုကို တာဝန်ရှိဌာနဆိုင်ရာများ ပေါင်းစပ်၍ ကန်တော်ကြီး၊ **စာမျက်နှာ ၉ သို့ ✪**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်မြို့ အားကစားခန်းမ၌ ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

❂ စာမျက်နှာ ၈ မှ

ကန်တော်လေး ရေလှောင်တမံများ စနစ်တကျ ရေထိန်းသိမ်းမှု၊ ရေပိုလွှဲစနစ်များ ကောင်းမွန်မှုနှင့် ဂဲလောင်းချောင်းကို ရေစီးရေလာကောင်းမွန်အောင် ကြိုတင်ဆောင်ရွက်ထားမှုတို့ကြောင့်ဖြစ်ပြီး အလားတူ တပ်မတော်နှင့် မြို့နေပြည်သူများ ပူးပေါင်း၍ ချောင်း၊ မြောင်းများ ပိတ်ဆို့မှုများကို အပတ်စဉ် စုပေါင်းရှင်းလင်းခဲ့မှုကြောင့် ရရှိခဲ့သည့် အကျိုးတရားပင်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဂဲလောင်းချောင်းနှင့် မြို့ပေါ်ရှိ မြောင်းစနစ်များကို ရေစီးရေလာကောင်းအောင် ရှင်းလင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန် ကြိုတင် ပြင်ဆင်ရာတွင် တစ်ဦးချင်းအနေဖြင့် ကိုယ်ပိုင်အိမ်၊ ခြံဝင်းအတွင်း အပြင်များကို ကိုယ်စီတာဝန်ယူဆောင်ရွက်ရန် လိုအပ်ပြီး လမ်း၊ တံတား၊ ချောင်း၊ မြောင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီတို့က တာဝန်ယူဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်အဆင့်မှ တိုင်းဒေသကြီးအဆင့်အထိ ဆောင်ရွက်နိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးရန်လိုပြီး အခက်အခဲရှိသည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ တင်ပြဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုကဲ့သို့ မျှော်လင့်မထားသော သဘာဝဘေး အန္တရာယ်ကို ဆုံးရှုံးမှုအနည်းဆုံးဖြင့် အချိန်တိုအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုသည် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နေပြည်သူလူထု၏ တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်နိုင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ အသိအမှတ်လည်းပြုပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မည်သို့သော သဘာဝကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်၊ လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်မျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်၍ ညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ရေဘေးသင့်ပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ရေဘေးသင့်ပြည်သူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ပြင်ဦးလွင်မြို့တွင် ဇူလိုင် ၃၁ ရက် နံနက် ၂ နာရီမှ ၁၀ နာရီအထိ မိုးရွာသွန်းခဲ့ရာ မိုးရေချိန် ၁၀ ဒသမ ၄၇ လက်မရှိခဲ့ပြီး နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင်ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် ဂဲလောင်းချောင်းမှာ ရေကြီးမှုဖြစ်ပေါ်ခဲ့၍ ရပ်ကွက် ၂၁ ခုတွင် ရပ်ကွက် ကိုးခုမှာ ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး အချို့ရပ်ကွက်များတွင် လေးပေအနက်ခန့်ထိရှိကာ အိမ်များအတွင်း ရေဝင်ရောက်ခဲ့သည်။ ဂဲလောင်းချောင်းသည် ခုနစ်မိုင် ရှည်လျားကာ မြို့ဧရိယာအတွင်း နှစ်မိုင်ခွဲခန့် ဖြတ်သန်းစီးဆင်းလျက်ရှိ၍ မြို့အတွက် အရေးပါသောချောင်းဖြစ်ကာ ရေကြီးရေလျှံမှုများ မဖြစ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး မြို့ပေါ် နှစ်မိုင်ခွဲအား ၁၀ ပေအကျယ်၊ ၁၀ ပေအနက် ကျောက်စီမြောင်းအဖြစ် ပြုပြင်စေခဲ့ကြောင်း၊ အဆိုပါ ဂဲလောင်းချောင်းမှာ ပြင်ဦးလွင်မြို့ရှိ ကန်တော်ကြီး၊ ကန်တော်လေး ရေလှောင်တမံတို့မှ ပိုလျှံရေစီးဆင်းသည့်ချောင်းဖြစ်ကြောင်း၊ ကန်တော်လေး ရေလှောင်တမံ၏ ယခင်ရေပိုလွှဲစနစ် Spill Way မှာ ခုနစ်ပေအကျယ်၊ နှစ်ပေအနက် ရေထိန်းတံခါးလည်း သုံးပေါက်ဖြစ်ကာ ပိုလျှံရေ 210 Cubit-sec ထွက်ရှိရာမှ 525 Cubit-sec အထိ ရေပိုလွှဲနိုင်သည့် ခုနစ်ပေအကျယ်၊ ငါးပေအနက် ရေထိန်းတံခါး သုံးပေါက်အဖြစ် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့မှုကြောင့် ယခုကဲ့သို့ မိုးများသည့် အခြေအနေတွင် ကန်တော်လေးရေလှောင်တမံမှာ ကျိုးပေါက်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခင် 210 Cubit-sec နှင့်သာ ထားရှိပါက တမံကျိုးပေါက်နိုင်ပြီး ကျိုးပေါက်မှုကြောင့် ပြင်ဦးလွင်မြို့၏ ဆုံးရှုံးမှုအန္တရာယ်မှာ လွန်စွာကြီးမားနိုင်ကြောင်း သိရသည်။ ယခုကဲ့သို့ ရေထိန်းတံခါးပြုပြင်နိုင်မှုကြောင့် ရေဝင်ဧရိယာ ပိုမိုရရှိကာ ရေထိန်းနိုင်မည်ဖြစ်သလို ကန်တော်ကြီး ရေလှောင်တမံ လေးခုသို့ ဝင်ရောက်လာသည့် ရေကိုလည်း မလျှော့အောင် ထိန်းသိမ်းနိုင်သည့်အခြေအနေဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရေကြီးရေလျှံသည့် ရပ်ကွက်များမှ ပြည်သူများ၊ အစိုးရအဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းလျက် ရပ်ကွက်အလိုက် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးသည်းထန်စွာရွာသွန်းခဲ့သည့် ပြင်ဦးလွင်မြို့နယ်အတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း၌ ဇူလိုင် ၃၁ ရက် နံနက် ၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လူနေရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

### ဖယ်ရှားရှင်းလင်းပေး

အဆိုပါ ရေဝင်ရောက်ခဲ့သည့်နေရာများသို့ ဇူလိုင် ၃၁ ရက်နှင့် ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက သွားရောက်၍ ရေဘေးသင့် ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကူညီကယ်ဆယ်ခြင်း၊ ပြိုကျပျက် စီးပိတ်ဆို့ခဲ့သည့် အဆောက်အအုံများ၊ လမ်း/တံတားများအား ဖယ်ရှားရှင်းလင်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

### ထောက်ပံ့ပေးအပ်

ထို့ပြင် ရပ်ကွက်ကြီး(၁)နှင့် ရပ်ကွက်ကြီး(၄)အတွင်းရှိ ဓမ္မာရုံများ၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး(၁)၊ ရပ်ကွက်ကြီး(၂)၊ ရပ်ကွက်ကြီး(၃)၊ ရပ်ကွက်ကြီး(၄)၊ ရပ်ကွက်ကြီး(၅)၊ ရပ်ကွက်ကြီး (၆)၊ ရပ်ကွက်ကြီး(၇)၊ ရပ်ကွက်ကြီး(၉)၊ ရပ်ကွက်ကြီး(၁၇)၊ ရပ်ကွက်ကြီး(၁၈)တို့အတွင်းနှင့် ကျွဲနွားထောက်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဒိုးကွင်းရေလှောင်တမန် အကူရေပိုလွှဲ အောက်ပိုင်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရှေ့သို့ချီမည် ပန်းတိုင်ဆီ
# Keep Moving Forward to Achieve Our Goal

မောင်မျိုးအောင်(ပန်းရော)

လူ့ဘဝ၌ မည်သည့်ကိစ္စမဆို အမြဲတွေးတောတတ်သည့် ကိစ္စနှစ်ရပ်ရှိ၏။ အပြုသဘောမြင်တတ်ခြင်းနှင့် အပျက်သဘောမြင်တတ်ခြင်းဖြစ်သည်ဟု ဖတ်ဖူး၏။ အပြုသဘောမြင်တတ်သည့် လူပုဂ္ဂိုလ်ရှိသော ပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့ နေခဲ့ရပါမူ ကျွန်ုပ်တို့ပတ်ဝန်းကျင်သည် အကောင်းမြင်စိတ်တို့ဖြင့် သာယာကြည်နူးဖွယ်ပင် ရှိချေပါမည်။ ဗုဒ္ဓဘာသာအများစုကိုးကွယ်ကြသည့် ကျွန်တော်တို့နိုင်ငံတွင် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမဖြစ်သည့် မင်္ဂလသုတ်တော်လာ ၃၈ ဖြာ မင်္ဂလာတရားတော်အတိုင်း ကျင့်ကြံနေထိုင်ကြပါမူ သာယာအေးချမ်းတိုးတက်ဖွယ်ဖြစ်ပေမည်။ အပြုသဘောမြင်တတ်သည့်၊ ကိုယ်ချင်းစာစိတ်ဖြင့် ခံစားသိမြင်သည့် ခေါင်းဆောင်အကြီးအကဲပုဂ္ဂိုလ်တို့ရှိသည့် နိုင်ငံနှင့်ပတ်ဝန်းကျင်တို့တွင် သူ့နိုင်ငံ၊ သူ့ပြည်သူအတွက် သာယာဝပြောရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကမ္ဘာ့အလယ်တွင် ဂုဏ်ရှိန်မြင့်မားရေးတို့အတွက် အမြဲအလေးထား မျှော်မှန်းဆောင်ရွက်တတ်ကြ၏။ ထို့အတူ အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၊ နိုင်ငံ့အကြီးအကဲသည် သူဦးဆောင်သော အစိုးရအဖွဲ့နှင့်အတူ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းစုံဖြင့် **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”**ဟူသည့်အတိုင်း ပန်းတိုင်အရောက် လှမ်းမျှော်ချီတက်နေ၏။

### မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရ

တပ်မတော်သည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုများရှိခဲ့သည့်အတွက် ဖြေရှင်းပေးရန် တာဝန်ရှိသူများထံ နည်းလမ်းမျိုးစုံဖြင့် တင်ပြခဲ့ပါသည်။ ထိုအချိန်က တာဝန်ရှိသူတွေမှ ဖြေရှင်းပေးမှုမရှိခဲ့သည့်အပြင် နိုင်ငံတော်အာဏာအရပ်ရပ်ကို အဓမ္မနည်းလမ်းဖြင့် ရယူရန် ကြိုးပမ်းခဲ့သည့်အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတော်တာဝန်ထမ်းဆောင်သည့်အချိန်အတွင်းမှာ တာဝန်များကို စွမ်းအားရှိသမျှ ကြိုးစားထမ်းဆောင်ခဲ့သည်ကို ပြည်သူတစ်ယောက်အနေဖြင့် တွေ့မြင်နေရပါသည်။ သို့သော်လည်း ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားများနှင့် ၎င်းတို့ကို အားပေးနေသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့သည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီထွန်းကားရေးထက် အလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်ဆောင်ရွက်နေကြောင်းကိုလည်း နိုင်ငံအတွင်း နိုင်ငံရေးအရ လုပ်ဆောင်ချက်များ၊ ပြည်ပ၏ ဝင်ရောက်စွက်ဖက်မှုများနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကို ကြည့်၍သိနိုင်ပါသည်။ ထိုဖြစ်ရပ်များကို ကျော်လွှားကာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထား လုပ်ဆောင်နေသည့် နိုင်ငံ့အကြီးအကဲတစ်ဦး၏ ဖြတ်သန်းရမှုသည် လွယ်ကူလှသည် မဟုတ်ပါချေ။ သို့သော် နိုင်ငံတော်အတွက် မည်မျှအထိ စေတနာထားကြောင်းကို လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ကြားချက်များကို ကြည့်၍ သိနိုင်သည်။

အဆိုပါ မိန့်ကြားချက်များမှ အချက်အချို့ကို ထုတ်နုတ်တင်ပြရသော် **“လူငယ်တွေကို စနစ်တကျ ပြုစုပျိုးထောင်ရန် အလေးထားဆောင်ရွက်ကြရမယ်။ နိုင်ငံချစ်စိတ် အမျိုးသားရေးခံယူချက်ကောင်းအောင် ဖြည့်တင်းကြရမယ်။ ကျေးလက်မြို့ပြအားလုံး စနစ်တကျ တိုးတက်ရမယ်။ စည်းကမ်းကောင်းအောင် စီမံလေ့ကျင့်နေသင့်တယ်။ တာဝန် သိစိတ်၊ အလုပ်ကိုတန်ဖိုးထားစိတ်ရှိအောင် ပျိုးထောင်လေ့ကျင့်ရမယ်။ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစေချင်တယ်။ ပြည်ထောင်စုဟာ ခိုင်မာနေရပါမယ်”** စီးပွားရေးမှာ လူငယ်များကို အခြေတည်၍ ကျေးလက်၊ မြို့ပြမကျန် တိုးတက်စေလိုသည့် အကြီးအကဲ၏ စေတနာကို ဤမိန့်ကြားချက်တွင် တွေ့နိုင်သည်။ နိုင်ငံ့အကြီးအကဲအနေဖြင့် တာဝန်ယူရသည့် ကာလတိုအချိန်အတွင်း မည်သည့်အခက်အခဲရှိရှိ၊ မည်သည့်အကျပ်အတည်းနှင့်တွေ့တွေ့၊ မည်သည့်အန္တရာယ်နှင့် ကြုံရကြုံရ နိုင်ငံတော်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို အထင်အရှားတွေ့မြင်ရ၏။

### ရိုးသား၊ ကြိုးစားကာ လှမ်းချီလို

၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)”** ဟူသည့် ခေါင်းစဉ်ဖြင့် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သူ၏ မျှော်လင့်ချက်၊ ခံစားချက်များပါဝင်၏။

> **မြန်မာနိုင်ငံကဲ့သို့ ပဋိပက္ခနက်ရှိုင်းစွာ တည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့သည် အရေးပါသည့် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခြင်းကြောင့် နိုင်ငံအတွင်း ငြိမ်းချမ်းရေး မတည်ဆောက်နိုင်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်းနှင့် ၎င်း၏ အကျိုးဆက်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေးမှအစ လူမှုရေးအဆုံး ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရန် အားနည်းလျက်ရှိနေဆဲဖြစ်**

တိုက်တွန်းချက်များပါဝင်၏။ သုံးသပ်ချက်များလည်း တွေ့ရ၏။ တိုင်းရင်းသားတို့၏ ခွန်အားများ၊ ပေါင်းစည်းအားများဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံသားအားလုံး တွေဝေမှု၊ တုံ့ဆိုင်းမှုများကို ဖယ်ထုတ်၍ ရှေ့သို့ ရိုးသား၊ ကြိုးစားကာ လှမ်းချီလိုသည်ကိုလည်း တွေ့ရ၏။

မြန်မာနိုင်ငံကဲ့သို့ ပဋိပက္ခနက်ရှိုင်းစွာတည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့သည် အရေးပါသည့် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခြင်းကြောင့် နိုင်ငံအတွင်း ငြိမ်းချမ်းရေး မတည်ဆောက်နိုင်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်းနှင့် ၎င်း၏ အကျိုးဆက်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေးမှအစ လူမှုရေးအဆုံး ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ရန် အားနည်းလျက်ရှိနေဆဲဖြစ်၏။ နယ်စပ်ဒေသ တိုင်းရင်းသားများ၊ တောင်ပေါ်ဒေသ တိုင်းရင်းသားများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများနှင့် တိုက်ပွဲများဖြစ်ပွားနေသည့် ဒေသများရှိ တိုင်းရင်းသားအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ဆောင်ရန် များစွာရှိသည့်အနက် အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့သည် မရှိမဖြစ် လိုအပ်နေမည်ဖြစ်၏။ ထိုသို့သော လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးရန်အတွက် ဆက်လက်လျှောက်လှမ်းရဦးမည်ဖြစ်၏။

နိုင်ငံတစ်ခုတွင် **“နိုင်ငံတော်တည်ဆောက်ရေး”** (State Building) နှင့် **“တိုင်းပြည်တည်ဆောက်ရေး”** (Nation Building)တို့မှာ နိုင်ငံသစ်တည်ဆောက်သူတိုင်း မလွှဲမရှောင်သာ ကြုံကြိုက်ရမည့် ရှောင်လွှဲမရသော တာဝန်ကြီးနှစ်ရပ်ဖြစ်၏။ နိုင်ငံတစ်ခု၏ အစိုးရတစ်ရပ် ဖန်တီးပုံဖော်ယူရသည့် နိုင်ငံတော်တည်ဆောက်ရေးသည် အထိုက်အလျောက် အလွယ်တကူ တည်ဆောက်နိုင်၏။ သို့သော် တိုင်းပြည်တည်ဆောက်ရေးတွင် ပိုမိုနက်ရှိုင်း၊ ပိုမိုရည်မှန်းချက်ကြီးရ၏။ ပို၍ခက်ခဲကြမ်းတမ်း၏။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် နိုင်ငံများ လွတ်လပ်ရေးရချိန်နှင့် စစ်အေးတိုက်ပွဲအပြီး နိုင်ငံအသစ်များ ပေါ်ထွက်လာချိန်ဖြစ်၏။ မြန်မာနိုင်ငံမှာမူ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်မှစ၍ ပေါ်ထွက်လာသည်ဟု ဆိုရမည်ဖြစ်၏။

လွတ်လပ်ရေးရပြီးစ အာဏာရ ဖဆပလပါတီက ဒီမိုကရေစီနိုင်ငံထူထောင်ရန် ကြိုးပမ်းခဲ့သည့် **“နိုင်ငံတော်တည်ဆောက်ရေး”**ကို ဆောင်ရွက်ခဲ့၏၊ သို့သော် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီးပါ တွဲပါလာ၏။ **“တိုင်းပြည်သစ်ကို မည်သည့်လမ်းစဉ်ဖြင့် သွားကြမည်”**ကို အငြင်းပွားကြရာမှ ကွန်မြူနစ်အလံနီ ပြည်သူ့ရဲဘော်တို့ တောခိုသွား၏။ ပြည်တွင်းစစ်မီး တာရှည်လာသည်နှင့်အမျှ ဖဆပလ၏ နိုင်ငံရေးတည်ဆောက်ရေးလုပ်ငန်းများ တုံ့ဆိုင်းပွန်းပဲ့လာရ၏။ နောက်ဆုံးတွင် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ခုလုံး ဆိတ်သုဉ်းသွားခဲ့ရ၏။ တိုင်းပြည်တည်ဆောက်ရေး မအောင်မြင်ရခြင်း၏ အစသည် ပြည်တွင်းစစ်ကြောင့်ဖြစ်၏။ ပြည်တွင်းစစ်ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံ တည်ဆောက်ရေးလမ်းစဉ်သည် လမ်းခုလတ်တွင် ရပ်တန့်သွားရတော့သည်။ ရှေ့သို့လှမ်းချီနိုင်ရန် ရွံ့ညွန်တွင်ရောက်နေသော ခြေလှမ်းတိုင်းသို့သာ ရှေ့မတိုးနိုင်ခဲ့ချေ။ ရွံ့ညွန်အတွင်း ငြိမ်းချမ်းရေးကြာပန်းဖြူကို တွေ့ရပါသော်လည်း ရင်ထဲကိုယ်စီတွင် စိတ်ဝမ်းကွဲပြားမှုများ၊ ရန်ငြိုးအာဃာတများ၊ အမုန်းတရားများကြောင့် နှလုံးသားချင်း နီးစပ်၍ မရနိုင်ဖွယ်ဖြစ်ကြရ၏။

### ငြိမ်းချမ်းရေးတံခါးချပ်အား ဖွင့်ပေးခဲ့

ငြိမ်းချမ်းရေးအား ခေတ်အဆက်ဆက် အစိုးရတိုင်း ကြိုးစားကြ၏။ နိုင်ငံရေး အကျိုးစီးပွားအမျိုးမျိုးကြောင့် တိုင်းရင်းသားအချင်းချင်းများ အကြား စိတ်ဝမ်းကွဲမှု၊ မကျေလည်မှုများနှင့် မယုံကြည်မှုများကြောင့် ပကတိအရှိတရားတို့နှင့် ဝေးသည်ထက်ဝေး၊ ညွန်နစ်သည်ထက် နစ်လာရ၏။ မိမိပြည်တွင်းညီညွတ်ရေးကို မိမိတို့နိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းသာ နားလည်ယုံကြည်မှုအားဖြင့် တည်ဆောက်၍ ရနိုင်ပါသည်။ ဖြစ်ချင်သည်နှင့် ဖြစ်သင့်သည်ကို နှိုင်းဆရမည်သာဖြစ်၏။ ဖြစ်သင့်သည်ဟူသော အကြောင်းခြင်းရာသည် အပြုသဘောဘက်ဆောင်သည်ကိုလည်း သတိချပ်သင့်ပေ၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ငြိမ်းချမ်းရေးအတွက် ရှားပါးလှသည့် ခြေလှမ်းသစ်တံခါးတစ်ချပ်အား ဖွင့်ပေးခဲ့၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်”**ဟု ကမ်းလှမ်းဖိတ်ခေါ်ခဲ့၏။ တိုင်းပြည်၏ ရှေ့ခရီးအတွက် ငြိမ်းချမ်းရေးရရှိရန် အလုံးစုံကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးရေး အပါအဝင်ဖြစ်နိုင်သမျှနည်းလမ်းစုံဖြင့် လမ်းဖွင့်ပေးထား၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်မှု ၁၈ လတာကာလအတွင်း နိုင်ငံတော်အကြီးအကဲနှင့် ကိုးကြိမ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများနှင့် ၇၅ ကြိမ် တွေ့ဆုံခဲ့၏။ တွေ့ဆုံဆွေးနွေးခဲ့သည့် အဖွဲ့များနှင့် သတင်းထုတ်ပြန်ချက်များအရ အားရကြည်နူးဖွယ်ကောင်း၏။ ကာလတိုအတွင်း မကြာခဏတွေ့ဆုံကြ၏။ တွေ့ဆုံမှုပြီးတိုင်း ရင်းနှီးပွင့်လင်းမှုတိုးလာ၏။ ရင်းနှီးပွင့်လင်းမှု တိုးလာသည်နှင့်အမျှ ယုံကြည်မှုခိုင်မြဲလာ၏။ နိုင်ငံတော်၏ ကောင်းမွန်သော အနာဂတ်မှာ အလှမ်းမဝေးတော့ပြီဟု ယုံကြည်မျှော်လင့်မိပါသည်။

### တိုင်းရင်းသားများ၏ အခွင့်အရေး ဆုံးရှုံးနစ်နာမှုမရှိရေး

တိုင်းရင်းသားအရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“တွေ့ဆုံဆွေးနွေးမှုကတစ်ဆင့် တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေးတွေပေးအပ်နိုင်ဖို့ ဆောင်ရွက်ရန်သာ အဖြေရှိပါမယ်။ တိုင်းရင်းသားတွေဟာ သူတို့ရဲ့ အခွင့်အရေးတွေ၊ နစ်နာမှုတွေကို တရားဝင်နိုင်ငံရေးစင်မြင့်မှာ ပြောခွင့်၊ ဆိုခွင့်၊ တောင်းဆိုခွင့်ပေးရပါလိမ့်မယ်။ ဒါကိုပေးဖို့ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွေပဲ ဖြစ်ပါတယ်။ ဒီတော့ လွှတ်တော်အသီးသီးမှာ တိုင်းရင်းသားတွေ၊ လူထုလူတန်းစား အလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ပါဝင်နိုင်ဖို့ လိုအပ်ပါတယ်”**ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။ တိုင်းရင်းသားများ၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေး လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားကိုယ်စားလှယ်များ ပိုမိုပါဝင်နိုင်ရေး အလေးထားဆောင်ရွက်နေမှုမှာလည်း နိုင်ငံတော်အကြီးအကဲ၏ စိတ်ရင်းစေတနာထက်သန်မှုတို့ပင် ဖြစ်၏။

အရာရာသည် ယုံကြည်မှုအပေါ်သာအခြေခံ၍ ရိုးသားစစ်မှန်သည့် ယုံကြည်မှုဖြင့်သာ ငြိမ်းချမ်းရေးကို ရမည်ဖြစ်၏။ ငြိမ်းချမ်းရေးနှင့် ဥပဒေမဲ့လုပ်ရပ်များမရှိလျှင် နိုင်ငံရေးအရ တည်ငြိမ်မှုကို ဖြစ်ပေါ်စေမည်ဖြစ်၏။ **စာမျက်နှာ ၁၁ သို့** »»

»»» စာမျက်နှာ ၁၀ မှ

**နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံးသည်အထိ ပညာသင်ကြားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရဲ့ပညာတတ်မြောက်မှုဟာ ခေတ်မီနိုင်ငံဖြစ်စေရန် လိုအပ်ချက်များစွာရှိနေသည့်အတွက် အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက်စေလိုပါကြောင်း၊ ကျေးလက်စီးပွားရေးနှင့် SME များတွင် အထောက်အကူရရှိနိုင်စေရန် လာမည့် ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ အထက်တန်းကျောင်း တစ်ကျောင်းစီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုပညာရပ်များကို Grade-10 မှ Grade-12 ထိ တွဲဖက်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ အောင်မြင်သူများအနေဖြင့် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံ သုံးနှစ်သင်ကျောင်းများတွင် ဆက်လက်သင်ကြားနိုင်မည်**

နိုင်ငံရေးအရ တည်ငြိမ်မှသာလျှင် စီးပွားရေးအရ တိုးတက်လာမည်ဖြစ်၏။ ယနေ့ ကမ္ဘာ့အင်အားကြီး နိုင်ငံများသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု ရှိသဖြင့် စီးပွားရေးအရ တောင့်တင်းခိုင်မာရခြင်း ဖြစ်၏။ နိုင်ငံရေးနှင့် စီးပွားရေး အပြန်အလှန် အမှီသဟဲပြုနေသည်။ နိုင်ငံရေးအရ မတည်ငြိမ်ခြင်း၊ စီးပွားရေးမူဝါဒအမှားများကြောင့်လည်းကောင်း၊ အဓိကအားဖြင့် ပြည်တွင်းတွင် ထုတ်လုပ်၍ရနိုင်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်အားမပေးဘဲ မှာယူတင်သွင်းမှုများကြောင့် ပြီးခဲ့သည့် အစိုးရ နှစ်ဆက်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၁ ဘီလီယံ ရှိခဲ့သည်။ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၁၈ လတာ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ပို့ကုန် များ တင်ပို့နိုင်ရန်နှင့် မလိုအပ်သည့်သွင်းကုန်များကို လျှော့ချနိုင်ရေးစီမံခဲ့သည့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရှိခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံတိုင်းတွင် စီးပွားရေးများထိခိုက်နေရ၏။ ကျဆင်းနေရ၏။ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ စီးပွားရေးထိခိုက်ခဲ့သည့် ရိုက်ခတ်မှုများကြုံတွေ့ကြ ရ၏။ ထို့အတူ အစိုးရအနေဖြင့် တာဝန်မယူမီအချိန် တွင် ပြည်တွင်း/ပြည်ပ ကြွေးမြီများသည် တစ်နှစ် ထက်တစ်နှစ် တိုးမြင့်လာခဲ့ရသည်။ စာရင်းများအရ ထုတ်ယူသုံးစွဲပြီးသည့် ကြွေးမြီပေါင်း အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၅၇ ဘီလီယံကျော်ရှိပြီး ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်ထိ ပေးဆပ်ပြီးသည့် ငွေပမာဏပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၄ ဘီလီယံရှိခဲ့သည်။ ပေးဆပ်ရန်ကျန် ငွေပမာဏ အနေဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂ ဘီလီယံ ရှိခဲ့သည်။ ချေးငွေများအား နှစ်စဉ် အတိုးအရင်း ဒေါ်လာ သန်း ၇၀၀ ခန့်ကို လက်ရှိအစိုးရက ပေးဆပ်နေရ၏။

## သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးဦးတည်ချက် (၃)ရပ်အား အခြေခံမူဝါဒများချမှတ်ပြီး ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိ၏။ မြန်မာ နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၏။ စိုက်ပျိုးရေး ထွက်ကုန်သည် နိုင်ငံထုတ်ကုန်၏ ပင်မထုတ်ကုန် တစ်ခုဖြစ်၏။ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လူဦးရေ မှာ ကျေးလက်နေ ပြည်သူလူထုများဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး ကုစားနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းရှင်များကို စိုက်ပျိုး စရိတ်ချေးငွေ စုစုပေါင်း ၂၃၃၅ ဒသမ ၄၉ ဘီလီယံ အား အရင်းအနှီးအဖြစ် ပံ့ပိုးထုတ်ပေးခဲ့သည်။ အစိုးရသည် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအသီးသီးတွင်ရှိသည့် စိုက်ပျိုး/ မွေးမြူရေးအား အခြေခံသည့်စီးပွားရေးလုပ်ငန်း များအား အဓိကထား ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်နေ၏။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြု ချက်နှင့် စိစစ်သုံးစွဲလျက်ရှိသည့် ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျပ်ဘီလီယံ ၄၀၀ အား သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ဆောင်ရွက် ပေးသွားမည်ဖြစ်သကဲ့သို့ ကျန်စီးပွားရေးလုပ်ငန်း များအား မြှင့်တင်သွားရန်ရည်ရွယ်ပြီး ဆောင်ရွက် လျက်ရှိ၏။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“အမြန် အကျိုးရလဒ် ဖြစ်စေမယ့် (Quick Win ) လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအတွက် ပထမဦးစားပေး ဆောင်ရွက်သွားပါမယ်”**ဟု ထည့်သွင်းပြောကြား ထားခဲ့သည်။ မြန်မာနိုင်ငံ၏ ပကတိစီးပွားရေး လမ်းကြောင်းအား အကြီးအကဲ၏ အလေးအနက် ထားသည်မှာပေါ်လွင်သည်။ တောင်သူလယ်သမား များ၏ အကျိုးကိုရှေးရှုသည်။ ထိုသို့လုပ်ဆောင်ရာ တွင် ဖြည့်ဆည်းသင့်တာဖြည့်ဆည်း၊ ပံ့ပိုးသင့်တာ ပံ့ပိုးမည်ကိုလည်း ထည့်သွင်းပြောကြားပြီးဖြစ်သည့် အပြင် ထို့အတွက် မျှော်မှန်းချက်အနေဖြင့် **“(၁) အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်လာ မယ်။ (၂) အလုပ်လုပ်သူတိုင်း ဝင်ငွေရလာမယ်။ (၃) ဝယ်လိုအား တိုးတက်လာမယ်။ (၄) ရောင်းကုန် ပစ္စည်းများ တိုးတက်လာတဲ့အတွက် တိုင်းပြည် ဝင်ငွေ ပိုမိုတိုးတက်လာပါမယ်။ တိုင်းပြည်ရဲ့ အားဟာ ပြည်တွင်းမှာသာရှိပါတယ်။ တိုင်းပြည် အားနဲ့ တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်ကြရ ပါမယ်”**ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်မှုနှင့်ပတ်သက်ပြီး ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော် အကြီးအကဲအနေဖြင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း များ အောင်မြင်ဖြစ်ထွန်းစေရေး တွန်းအားပေး ဆောင်ရွက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ရရှိစေရေး၊ ဝင်ငွေတိုးတက်စေရေး အလေးထား ဆောင်ရွက်နေမှုကို တွေ့မြင်ရ၏။

## ပညာရေး ရင်းနှီးမြှုပ်နှံမှု

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးသာမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးသည် အရေးကြီး၏။ လူသားအရင်း အမြစ်ဆိုသည်မှာ **“ပညာ”**အပေါ် အဓိကမူတည်၍ တည်ဆောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ပညာရေး ရင်းနှီးမြှုပ်နှံမှုကို အဓိကထား လုပ်ဆောင်ခြင်း ဖြစ်သည်။ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ-၂၈ အရ နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင် ရမည်။ ပုဒ်မ-၃၆၆ အရ **“နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိ သည်။ (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်”**ဟု ပြဋ္ဌာန်း ထား၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“နိုင်ငံတော်အစိုးရ အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 (အခြေခံပညာအလယ်တန်းအဆင့်)ပြီးဆုံးသည် အထိ ပညာသင်ကြားရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံရဲ့ပညာတတ်မြောက်မှုဟာ ခေတ်မီ နိုင်ငံဖြစ်စေရန် လိုအပ်ချက်များစွာ ရှိနေသည့် အတွက် အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက် စေလိုပါကြောင်း၊ ကျေးလက်စီးပွားရေးနှင့် SME များတွင် အထောက်အကူရရှိနိုင်စေရန် လာမည့် ပညာသင်နှစ်တွင် ခရိုင် ၅၀ ၌ အထက်တန်းကျောင်း တစ်ကျောင်းစီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှု ပညာရပ်များကို Grade–10 မှ Grade–12 ထိ တွဲဖက်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ အောင်မြင် သူများအနေဖြင့် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံ သုံးနှစ်သင်ကျောင်းများတွင် ဆက်လက်သင်ကြား နိုင်မည် ဖြစ်ပါကြောင်း၊ ထူးချွန်သူများအနေဖြင့် တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ပင် ပုံမှန်အထက်တန်း ကျောင်းများကလည်း Grade–12 ပညာပြီးဆုံးပါက မိမိရွေးချယ်တက်ရောက်လိုသည့် အဆင့်မြင့်ပညာ များကို သတ်မှတ်ချက်နှင့်အညီ သင်ကြားခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး လုပ်ဆောင် ကြရမည်ဖြစ်ကြောင်း”**ကို နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ၏ တစ်နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြား ခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး ကဏ္ဍကို အလေးထားမှုသည် တိုင်းပြည်အတွက် မျှော်လင့်ချက်အားတစ်ခုပင်ဖြစ်သည်ကို တွေ့ရ သည်။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် အလွန်အရေးကြီး သည်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ဆောင်ရွက် ရာ၌ အားကစားကဏ္ဍသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့်စည်းလုံးညီညွတ်မှု တို့ကို ပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ် သည်။ အားကစားစိတ်ဓာတ်သည် တိုင်းပြည် ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည် ကာကွယ်လိုသည့်စိတ် ဖြစ်ပေါ်စေမည်ဖြစ်သည့် အတွက် အားကစားကဏ္ဍကို အားပေးဆောင်ရွက်ရန် လိုသည်။ ထို့ကြောင့် နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် ရေရှည်ဆောင်ရွက်ရမည်ဖြစ်သည်။ အားကစားအောင်နိုင်ရေးအတွက် လေ့ကျင့်ခြင်း သည် နိုင်ငံတော်၏ အလုပ်တာဝန်ကို ထမ်းဆောင် နေခြင်းဖြစ်သည့်အတွက် တာဝန်ရှိသူများက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ် ရရှိခဲ့သည့် အားကစားသမားများအား အသိအမှတ်ပြုဆုချီးမြှင့် နေရာပေးအပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်နိုင်ငံ့လက်ရွေးစင်အားကစားသမားများ၏ ဘဝအာမခံချက်ရှိစေရေးအတွက်လည်း စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ မျိုးချစ်စိတ်အား ၎င်းနိုင်ငံသားများပါဝင်သည့် အားကစားပြိုင်ပွဲများမှတစ်ဆင့် လေ့လာသိရှိနိုင် သည်။ နိုင်ငံတကာတွင် နိုင်ငံအချို့သည် နိုင်ငံရေး၊ စီးပွားရေး၊စစ်ရေးအင်အားမတောင့်တင်းသော်လည်း အားကစားအောင်မြင်မှုများကြောင့် အခြားသော နိုင်ငံများ၏ အလေးပေးခြင်း၊ အသိအမှတ်ပြု နေရာ ပေးခြင်းများ ရှိသည့်အတွက် မိမိတို့ နိုင်ငံသားများ အနေဖြင့် အားကစား၏တန်ဖိုးကို သိရှိနားလည်ပြီး အမျိုးသားရေးစိတ်ဓာတ် ခံယူချက်ကောင်းများဖြင့် ထားရှိဆောင်ရွက်ရမည်ဖြစ်သည်။

## ထာဝရငြိမ်းချမ်းရေးရရှိရေး

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံတွင် မည်သည့်အစိုးရပင် တာဝန်ယူသည်ဖြစ်စေ နိုင်ငံ့ အကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှု သည့် ပန်းတိုင်များချမှတ်၏။ လက်ရှိအစိုးရသည် နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုလျက် အမျိုးသားရေးစည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းပြည်၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်သည့် အခြေခံ များကို ထူထောင်လျက်ရှိပါသည်။ ပကတိ လိုအပ်ချက်ဖြစ်သည့် ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေး အလေးပေးဆောင်ရွက် လျက်ရှိသည်။ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတို့သည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ **“ရှေ့သို့ချီမည်ပန်းတိုင်ဆီ” Keep Moving Forward to Achieve Our Goal** ပင်ဖြစ်သည်။ **“တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏”**ဟူသော ဆိုရိုး ရှိသည်။ ညီညွတ်မှုသည် အခရာဟု ဆိုရမည်ဖြစ်၏။ လက်ရှိမြန်မာနိုင်ငံတွင် တိုင်းဖျက်၊ ပြည်ဖျက်များ၏ စက်ဆုပ်ဖွယ်လုပ်ရပ်များက တိုင်းပြည်အဖို့မှာ ညစ်ထေးလှသည့် ရွံ့ညွန်သဖွယ်ရှိချေ၏။ တိုင်းပြည် အတွက် စေတနာပါပါ စံနမူနာပြ စီမံအုပ်ချုပ် အလုပ်လုပ်နေသည့် ခေါင်းဆောင်တစ်ဦး၏ အောက်ဝယ် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညွတ် သောအား၊ စည်းလုံးသော ပြုမူဆောင်ရွက်ချက်များ ဖြင့် ရှေ့သို့လှမ်း၍ ချီတက်နေပါမူ ကျွန်တော်တို့ နိုင်ငံသည် ရွံ့ညွန်ကြားမှ တိုးထွက်လာသည့် လရောင် ဆမ်းသော ပဒုမ္မာကြာပန်းသဖွယ် ရှိနေချေတော့ မည်ဟု ယုံကြည်မိပါ၏။ ။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်နှင့် စိစစ်သုံးစွဲလျက်ရှိသည့် ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျပ်ဘီလီယံ ၄၀၀ အား သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ကျန်စီးပွားရေးလုပ်ငန်း များအား မြှင့်တင်သွားရန်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိ**

✳ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘ ရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို စိတ်ကောင်း စေတနာကောင်းအပြည့်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများ စွမ်းဆောင်မှုအရည်အသွေး တိုးတက်မြင့်မားစေရေး မွမ်းမံသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ကိုဗစ် – ၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချချက်များ အပြန်အလှန်ဆွေးနွေးခြင်းမှ ရရှိသည့်အသိများ၊ သင်တန်းသားအချင်းချင်း ဖလှယ်၍ရသည့် အတွေ့အကြုံများအရ လုပ်ငန်းတာဝန်များကို တက်ကြွစွာဆောင်ရွက်ကြပြီး ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို စိတ်ကောင်း စေတနာကောင်းအပြည့်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်းနှင့် လျှပ်စစ်အင်ဂျင်နီယာကောင်းများ ရုံးလုပ်ငန်းဆိုင်ရာ ဝန်ထမ်းကောင်းများအဖြစ် ဌာနအကျိုး၊ အများပြည်သူအကျိုးကို စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှု/ လျှပ်စစ်အင်ဂျင်နီယာများအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၄)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၄) သင်တန်းများ၌ သင်တန်းသား ၂၅ ဦးစီကို စာတွေ့/ လက်တွေ့ဖြင့် ရက်သတ္တပါတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး ရုံးလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၃)၌ သင်တန်းသား ၅၀ ကို စာတွေ့/ လက်တွေ့ဖြင့် ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းတစ်ဦးချင်းနှင့် အလုပ်ရုံ/စက်ရုံအလိုက် စွမ်းဆောင်ရည်များမြင့်မားတိုးတက်စေရန် အစီအမံများချမှတ်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများသည် စီးပွားရေးကဏ္ဍနှင့်ဒွန်တွဲ၍ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် စနစ်တကျ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းနှင့် အလုပ်ရုံ/စက်ရုံအလိုက် စွမ်းဆောင်ရည်များ မြင့်မားတိုးတက်စေရန် အစီအမံများချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံခွဲများ၌ တပ်ဆင်ထားသည့် စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ပျော့ဖတ်ချပ်အိုးဌာန၊ ပျော့ဖတ်ချပ်ဌာန၊ Dryer Section၊ တန် ၅၀ အဆင့်မြင့်စက္ကူထုတ်စက်ရုံ၊ ကလိုရင်းဒိုင်အောက်ဆိုက် ထုတ်လုပ်ရေးဌာန၊ ကလိုရင်းအယ်လ်ကာလီ ထုတ်လုပ်ရေးဌာန၊ ဓာတ်ဆားပြန်ထုတ်ဌာနနှင့် ရေဆိုးသန့်စင်ရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံကုန်ကြမ်းစိုက်ကွင်းအတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရန် ဝန်ထမ်းများ၏စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း နည်းပညာတက္ကသိုလ်များတွင် တက်ရောက်ပညာ သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း စက်ရုံရှိနည်းပညာများ မျှဝေလေ့ကျင့်သင်ကြားပေးနိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)စက်ရုံမှူးနှင့် တာဝန်ရှိသူတို့က ကုန်ထုတ်လုပ်မှုနည်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများနှင့် နတ်တောင်ချောင်းရှိ ရေများပြည့်လျှံမှုကြောင့် ဥတ္တရသီရိမြို့နယ် တက်ရိုန်းကျေးရွာနှင့် တပ်ကုန်းမြို့နယ် လယ်ပြင်မကျေးရွာအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကာ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း မုခ်ဦးနှင့် အုတ်တံတိုင်းများ ပြိုကျပျက်စီးခဲ့ပြီး လမ်းရေတိုက်စားမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက သွားရောက်၍ ရေဝင်ရောက်ခဲ့သည့် နေအိမ်များအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ပြိုကျပျက်စီးနေသည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများ ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လမ်းပိတ်ဆို့နေသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားနိုင်ငံ၌ လာမည့်လအနည်းငယ်အတွင်း အသံထက်မြန်သောဒုံးကျည်များ ဖြန့်ကြက်ချထားမည်



**မော်စကို ဩဂုတ် ၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အသံထက်မြန်သည့် Zircon အမည်ရှိ ခရုဇ်ဒုံးကျည်များကို လာမည့်လများအတွင်း ရုရှားရေတပ်ဖရီးဂိတ်သင်္ဘောပေါ်တွင် ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကြေညာခဲ့ခြင်းဖြစ်**

အဆိုပါ အသံထက်မြန်သော ဒုံးကျည်များ ဖြန့်ကြက်ချထားမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ဩဂုတ် ၁ ရက်တွင် စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် ရုရှားနိုင်ငံ၏ ရေတပ်နေ့အထိမ်းအမှတ် အခမ်းအနားတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရုရှားနိုင်ငံ၏ ရေတပ်နေ့အခမ်းအနားတွင် စစ်မှုထမ်း ၃၅၀၀ ခန့်၊ Kalibr ခရုဇ်ဒုံးကျည်များ၊ ရေငုပ်သင်္ဘောများ၊ လေယာဉ် ၄၂ စင်းအပါအဝင် စစ်သင်္ဘောအစင်း ၄၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ရေတပ်အင်အား၏ အရေးပါမှုနှင့် စပ်လျဉ်း၍ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို ထိပါးလာပါက ချက်ချင်းတုံ့ပြန်တိုက်ခိုက်နိုင်သည့် အင်အားရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အလေးထားပြောကြားခဲ့သည်။

**မပျက်မကွက် ထမ်းဆောင်နိုင်**

ထို့ပြင် ရုရှားနိုင်ငံရေတပ်သည် ကမ္ဘာတစ်ဝန်းရှိ မည်သည့် သမုဒ္ဒရာပိုင်းဆိုင်ရာ၌မဆို မဟာဗျူဟာမြောက် လုပ်ငန်းဆောင်တာများကို မပျက်မကွက် ထမ်းဆောင်နိုင်ကြောင်းလည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆက်လက်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၆၈၉ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၆၈၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၉၈၂၀၇၃၉ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၄၃၆ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၀၆၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**




# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၄၆၄ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၁**

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၄၆၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၄၀၁၉၈၁၁ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၆၇၃ ဦးရှိခဲ့ကာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၁၄၃၉၈၉ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၆၃၉၆ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၆၁၁၂ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၃၃၄၉၅၈၉၀ ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်အောက်တွင် ယနေ့နံနက်ပိုင်းအထိ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အစ္စရေးနိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

**ဂျေရုဆလင် ဩဂုတ် ၁**

အစ္စရေးနိုင်ငံတွင် အသက်ခြောက်လမှ ငါးနှစ်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ်ကို ဇူလိုင် ၃၁ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေဒနာများကို သက်သာစေနိုင်**

ယခုကဲ့သို့ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါခံစားရခြင်းမှ ကာကွယ်ပေးနိုင်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် ခံစားရသော ဝေဒနာများကို သက်သာစေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယခုထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် ကလေးငယ်များအတွက် သင့်တော်ကြောင်း သိရသည်။

ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရာတွင် Pfizer ကာကွယ်ဆေး သုံးကြိမ်(သို့မဟုတ်) Moderna ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းအသက်ငါးနှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံပေးရန် ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများက အကြံပြုခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တာဝန်ရှိသူ ပြောကြား

**ဖနောင်ပင် ဩဂုတ် ၁**

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်နေသဖြင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူကြရန် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် လီအယ်လန်က ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၆၇၈၉ ဦး၊ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၃၃၅၁၇ ဦးနှင့် သေဆုံးသူ ၃၀၅၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်းမကြာသေးမီအချိန်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လာသည်ကို တွေ့ရှိရကြောင်း ၎င်းက လူမှုကွန်ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာခြင်းသည် တန်ဖိုးရှိသည့် အရာဖြစ်သောကြောင့် နိုင်ငံသားများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေအပြည့် ထိုးနှံမှုခံယူကြရန် ၎င်းက တိုက်တွန်းခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ထိန်းသိမ်းရာရောက်ပြီး နိုင်ငံအတွင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်စေရန် အကူအညီပေးရာရောက်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အရှိန်မြှင့်ထိုးနှံပေးခြင်းဖြင့် လူမှုစီးပွားဘဝများ ပြန်လည်တိုးတက်လာပြီး ခရီးသည်များကိုလည်း နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်ခွင့်ပြုနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိလူဦးရေ ၏ ၉၄ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ၉၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်၊ ၆၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး သုံးကြိမ်၊ ၂၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး လေးကြိမ်နှင့် သုံးရာခိုင်နှုန်းသည် ကာကွယ်ဆေး ငါးကြိမ် ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် တရုတ်နိုင်ငံမှ Sinovac နှင့် Sinopharm ကာကွယ်ဆေးများကို အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များ အပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၌ အကြမ်းဖက်သမားနှစ်ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး

နေပြည်တော် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၌ အကြမ်းဖက်သမားနှစ်ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် နေအိမ်အတွင်း လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် နံနက် ၅ နာရီ ၁၀ မိနစ်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် ကောက်သွယ်(၁)လမ်း အမှတ်(၁၁/၁)နေ ဦးသိန်းဦး (၅၉) နှစ်၏နေအိမ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်းရှိ ထပ်ခိုးအခန်းအတွင်း ဦးသိန်းဦး၏ တူတော်စပ်သူများဖြစ်သည့် နေလင်း (၂၄)နှစ်နှင့် ပြည့်ဖြိုးဦး(ခ) အကြီးကောင်(၂၈)နှစ်တို့နှစ်ဦးသည် အကြမ်းဖက်မှု



ပေါက်ကွဲမှုဖြစ်ပွားသည့်နေအိမ်။



သိမ်းဆည်းရမိသည့်ဗုံး။

လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းတစ်လုံးအား တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် နေလင်းတွင် ဝဲလက်ကောက်ဝတ်နှင့် ယာလက်ချောင်းများပြတ်ကာ မျက်နှာ၊ ရင်ဘတ်နှင့် ဝဲ/ယာခြေထောက်တို့၌ လည်းကောင်း၊ ပြည့်ဖြိုးဦး(ခ)အကြီးကောင်တွင် ဝဲလက်၊ ယာခြေသလုံး၊ ဝဲ/ယာပေါင်တို့၌ မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အခန်းအတွင်း အသေးစိတ်ဆက်လက်စစ်ဆေးခဲ့ရာ အဆိုပါအခန်းအတွင်းမှ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံး(စိစစ်ဆဲ) တစ်လုံး တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သိမ်းဆည်းရမိသည့် လက်ပစ်ဗုံးတစ်လုံးအား စနစ်တကျ ဖောက်ခွဲရှင်းလင်းကာ သေဆုံးခဲ့သူနှစ်ဦး၏ ရုပ်အလောင်းများကို သဃ်္ဃန်းကျွန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ပြီး လိုအပ်သောလုပ်ငန်းများအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်အမျိုးသားများထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁

အမျိုးသမီးများကို တရုတ်အမျိုးသားများထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်နေ မဝင်းဝင်းအေး (ခ) မလိပ်မနှင့် မအေးမော်(ခ) အေးအေးမော်တို့က ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နေ မ ---၊ ၁၈နှစ်၊ မ ---၊ ၁၇ နှစ်နှင့် မ ---၊ ၁၆နှစ်တို့ကို ရန်ကုန်မြို့ ရွှေတောင်ကြားလမ်းရှိနေအိမ်တွင် အိမ်ဖော်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ တရုတ်အမျိုးသားများထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် ကဝမြို့မရဲစခန်း(ပ)၈၇/၂၀၁၉နှင့်(ပ)၈၈/၂၀၁၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ တို့ဖြင့် အမှုရေးဖွင့်၍ ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မဝင်းဝင်းအေး(ခ) မလိပ်မနှင့် မအေးမော်(ခ) အေးအေးမော်တို့ကို ဇူလိုင် ၂၈ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ တစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ နှစ်မှုအတွက် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ ရွှေစင်(ခ) ရွှေစင်ဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နေ မောင်ထွန်းလင်း(ခ) မိုးမိုးတို့က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နေ မ ---၊ ၃၉နှစ်၊ မ ---၊ ၂၆နှစ် နှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ မ ---၊ ၂၆ နှစ်တို့ကို တရုတ်ယောကျ်ားယူပါက ငွေကျပ် ၂၅ သိန်းရမည်၊ ခြောက်လ၊ တစ်နှစ်ခန့် ပေါင်းသင်း၍ မြန်မာနိုင်ငံသို့ ပြန်လာ၍ ရကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ရောင်းစားရန် စီစဉ်နေစဉ် ဖမ်းဆီးရမိသဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ) ၂၈၉/ ၂၀၁၉နှင့် (ပ) ၂၉၀/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂တို့ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ရွှေစင်(ခ)ရွှေစင်ဝင်းနှင့် မောင်ထွန်းလင်း(ခ)မိုးမိုးတို့ကို ဇူလိုင် ၂၈ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ တစ်မှုချင်းစီအတွက် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ နှစ်မှုအတွက် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ မဇင်မာလွင် (ခ)မဇင်နှင့် ရှမ်းပြည်နယ် မူဆယ်မြို့နေ ကေဇင်ထူးလွင်(ခ) မအိန်ဂျယ်လ်(ခ)ကြယ်စင်တို့က ရှမ်းပြည်နယ် မူဆယ်မြို့နေ မ ---၊ ၁၄ နှစ်နှင့် မ ---၊ ၁၆ နှစ်တို့ကို အွန်လိုင်းပေါ်မှတစ်ဆင့် လောက်ကိုင်မြို့ရှိ ဂိမ်းဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် တစ်သောင်းခန့်ရမည်ဟု ပြောဆိုစည်းရုံး၍ လောက်ကိုင်မြို့ရှိ ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရန် စီစဉ်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း(ပ) ၂၂/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၈ ရက်တွင် တရားခံ မဇင်မာလွင်(ခ) မဇင်၊ ကေဇင်ထူးလွင် (ခ) မအိန်ဂျယ်လ်(ခ)ကြယ်စင်တို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ မမျိုးမျိုးသန်း (ခ) မျိုးမျိုးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နေ မ ---၊ ၁၃ နှစ်ကို ၎င်းနေအိမ်တွင် ငါးမုန့်ရောင်းချသည့်အလုပ်အား လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ်ရှစ်သောင်းရမည်ဟု ပြောဆိုစည်းရုံး၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း (ပ) ၁၁၇၇/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ပြီး အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် တရားခံ မမျိုးမျိုးသန်း(ခ)မျိုးမျိုး ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ် လားရှိုးမြို့နေ မလုထွယ်(ခ)မာထွယ်က လိပ်စာတူနေ မ ---၊ ၂၃ နှစ်ကို တရုတ်နိုင်ငံတွင် ကလေးထိန်းအလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် တစ်သိန်းရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ ချင်းဟိုင်ပြည်နယ် ထုန်ရှန်းမြို့ရှိ တရုတ်ယောကျ်ားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လားရှိုးမြို့မရဲစခန်း (ပ)၆/ ၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး လားရှိုးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် တရားခံ မလုထွယ်(ခ)မာထွယ်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လက်ပံကျင်းကျေးရွာ၌ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် စုဝေးရောက်ရှိနေသော PDF အမည်ခံ အကြမ်းဖက်သမားများကို ဖမ်းဆီး

**နေပြည်တော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လက်ပံကျင်းကျေးရွာ၌ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် စုဝေးရောက်ရှိနေသော PDF အမည်ခံ အကြမ်းဖက်သမားများကို ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**လာရောက်သတင်းပေးပို့**

ဖြစ်စဉ်မှာ မြင်းမူမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများသည် လက်ပံကျင်းကျေးရွာ၌ စုဝေးရောက်ရှိကာ အစည်းအဝေးပြုလုပ်နေကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်သတင်းပေးပို့ခဲ့ကြောင်း၊ လက်ပံကျင်းကျေးရွာအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်



မြင်းမူမြို့နယ် လက်ပံကျင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် ရန်သူ့စခန်းနေရာပြမြေပုံ။

စစ်ဆေးဆောင်ရွက်စဉ် ကျေးရွာအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများက ချောင်းမြောင်း စတင်ပစ်ခတ်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားအလောင်း ငါးလောင်း၊ လက်လုပ်သေနတ် လေးလက်၊ လက်လုပ်လက်ပစ်ဗုံး လေးလုံး၊ ခဲယမ်းအချို့နှင့် လိုင်စင်မဲ့ယာဉ် နှစ်စီး သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် အသေးစိတ်စစ်ဆေးခဲ့ရာ ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများ အခြေပြုနေထိုင်ခဲ့သည့် စခန်းတစ်ခုကိုတွေ့ရှိခဲ့ပြီး ယင်းစခန်းအတွင်းမှ လက်လုပ်သေနတ် ၁၃ လက်၊ လက်လုပ်စိန်ပြောင်း လေးလက်၊ ကျည်မျိုးစုံ အတောင့် ၁၄၀၀၊ လက်ပစ်ဗုံးမျိုးစုံ ခုနစ်လုံး၊ ၄၀ မမဗုံးသီး နှစ်လုံး၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဒရုန်းယာဉ် တစ်စီး၊ လမ်းလျှောက်စကားပြောစက် ရှစ်လုံး၊ လိုင်စင်မဲ့ယာဉ် လေးစီး၊ လိုင်စင်မဲ့ဆိုင်ကယ် အစီး ၃၀၊ လူနေတဲ ကိုးလုံး၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ယင်းကျေးရွာအတွင်းမှ အမျိုးသား ၄၀၊ အမျိုးသမီး ၇၃ ဦးတို့ကို တွေ့ရှိထိန်းသိမ်းရမိခဲ့ပြီး လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာတွင်နေထိုင်လျက်ရှိကာ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်မှုမရှိသူများကို ပြန်လည် စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်ဆက်နွှယ်မှုရှိသူများကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာပတ်ဝန်းကျင်အား လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို နိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုပ်ယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နည်းပညာတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား Yesogo Revolution Group-YRG PDG အမည်ခံ PDF အကြမ်းဖက်သမားများက အွန်လိုင်းပေါ်မှ “ကျောင်းသား ကျောင်းသူများအနေဖြင့် ဆက်လက်ပြီး ကျောင်းမတက်ရန်နှင့် ကျောင်းဆက်လက်တက်မည်ဆိုပါက ဖြစ်လာမည့်အကျိုးဆက်များကို ၎င်းတို့အဖွဲ့မှ တာဝန်မယူကြောင်း ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် သတိပေးထုတ်ပြန်လိုက်ကြောင်း” ဟု ရေးသားခြိမ်းခြောက်ထားသည်ကို တွေ့ရှိရသဖြင့် နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ လုံခြုံရေးအတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့အတူ ဇူလိုင် ၃၁ ရက် ည ၉ နာရီတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကြံတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးဖြစ်ပြီး အဆိုပါကျေးရွာနေထိုင်သည့် ဒေါ်တိုးတိုးလွင် ၄၄ နှစ် (ဘ)ဦးနိုင်တူး၏ နေအိမ်အရှေ့သို့ တောင်ကလေးကျေးရွာမှ ကြံတောကျေးရွာသို့ မုဒုံ-ချောင်းနှစ်ခွကားလမ်းအတိုင်း ဆိုင်ကယ်တစ်စီး မောင်းနှင်လာသည့် အကြမ်းဖက်သမားအမျိုးသား နှစ်ဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး သေနတ်ဖြင့် ငါးချက်ခန့်ပစ်ခတ်၍ ထွက်ပြေးသွားခဲ့ရာ ပစ်ခတ်ခဲ့မှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအနီး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းနှင့်ကပ်လျက်ရှိ အမျိုးသမီးအိမ်တွင်းမှု အတတ်သင်ကျောင်းအရှေ့လမ်းပေါ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားသည်ကိုတွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်မှုမရှိကြောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူ ၄၃၄ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံ/တောင်ရပ်ကွက်နေ သူရထက်ဝင်း(ခ) လူသားသည် ၎င်းအသုံးပြုသည့် “Thura Htet Win” Facebook အကောင့်၊ ထွန်းတိုးရပ်ကွက်နေ ဖြိုးကိုနှင့် အောင်သာယာရပ်ကွက်နေ ခန့်ဇော်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Phyo Ko” Facebook အကောင့်နှင့် “Khant Zaw” Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ်နေ မြင့်ထူး(ခ) ဦးထူးသည် ၎င်းအသုံးပြုသည့် “U Htoo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၂၁) ရပ်ကွက်နေ ယွန်းမီမီချစ်(ခ) ပန်းချစ်သည် ၎င်းအသုံးပြုသည့် “Pann Chit” Facebook အကောင့်၊ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ စနိုးချစ်သစ္စာထူး(ခ) ပိုးပိုးသည် ၎င်းအသုံးပြုသည့် “Poe Poe” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်နေ ပြည့်စုံအောင်သည် ၎င်းအသုံးပြုသည့် “Pyae Son Aung” Facebook အကောင့်၊ အုတ်တွင်းမြို့ အမှတ်(၂)ရပ်ကွက်နေ မျိုးဝင်း(ခ)ဖိုးတုတ်သည် ၎င်းအသုံးပြုသည့် “Myo Win” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျောင်းကုန်းကျေးရွာနေ ကျော်ဇင်လတ်သည် ၎င်းအသုံးပြုသည့် “Myat Mon” Facebook အကောင့်နှင့် ကျောင်းကုန်းမြို့ (၂)ရပ်ကွက်နေ ဇော်ဇော်အောင်(ခ) ယာစင်သည် ၎င်းအသုံးပြုသည့် “Zaw Zaw Aung” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားများအတွက် Provider Purchaser Split စာချုပ်ဆေးခန်းများ၌ ဆေးကုသမှုခံယူနိုင်မည့် (Enrolled) စာရင်းများ ထုတ်ပြန်ကြေညာခြင်း

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် အလုပ်သမားဆေးရုံကြီး(၃)ရုံ၊ ဌာနကြီးဆေးခန်း(၅၇)ခန်း၊ လူမှုဖူလုံရေးဆေးခန်း (၉၆)ခန်းတို့ဖြင့် ကုသမှုပေးလျက်ရှိသည့်အပြင် ပြင်ပလူနာဝန်ဆောင်မှုကို အလွယ်တကူ လက်လှမ်းမီစေရေးအတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုပြီး Provider Purchaser Split (Capitation) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့နှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အောက်ဖော်ပြပါ ဆေးခန်း (၂၁)ခန်းတွင် ဆေးကုသမှု ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်းနှင့် အဆိုပါဆေးခန်း (၂၁)ခန်းတွင် ဆေးကုသမှုခံယူနိုင်မည့် အာမခံအလုပ်သမားများ (Enrolled) စာရင်းများအား အများပြည်သူသိရှိနိုင်ရန် ကြေညာအပ်ပါသည်-

| စဉ် | ဆေးခန်းအမည် | ဆေးခန်းလိပ်စာ |
|---|---|---|
| ၁ | မေတ္တာရှင်ဆေးခန်း | H/249၊ ကနောင်မင်းသားကြီးလမ်း၊ ၄၈ နှင့် ၄၉ လမ်းကြား၊ စက်မှုဇုန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၂-၅၁၅၃၉၀၀ |
| ၂ | ဒက္ခိဏဒီပါဆေးခန်း | အမှတ် (၄၂)၊ မြေနီလမ်း၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့။ ၀၉-၈၉၈၂၅၉၄၉၄၊ ၀၅၉၄၁၈၂၄ |
| ၃ | မြတ်တော်ဝင်ဆေးခန်း | အမှတ် (၂၂)၊ ကြံခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့။ ၀၉-၇၇၇၂၉၉၉၅ ၊ ၀၈၁၂၀၅၂၅၉ |
| ၄ | OSC ဆေးခန်း | အမှတ်(၁၃၇-ဃ)၊ သုခမ္မာလမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၆၅၆၁၇၂၊ ၀၁-၆၅၆၁၇၆ |
| ၅ | တော်ဝင်နဂါးဆေးခန်း | အနော်ရထာလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၄၄၀၉၉၃၅၅ |
| ၆ | မြတ်မွန်ဆေးခန်း | အမှတ်(၂၄)၊ A+B အောင်ဆန်းလမ်း၊ ရှောရပ်ကွက်၊ မြစ်ကြီးနားမြို့။ ၀၉-၂၄၀၁၀၃၄၊ ၀၇၄-၂၅၂၀၂၅၃၃ |
| ၇ | ရွှေဟသ်ာဆေးခန်း | အမှတ်(၅၃)၊ ဟသ်ာကုန်းရပ်ကွက်၊ သနပ္ပင်လမ်းမတန်း၊ ပဲခူးမြို့။ ၀၅၂-၂၂၀၀၇၇၈ |
| ၈ | ညောင်အင်းဆေးခန်း | ညောင်အင်းရွာ၊ ညောင်အင်းလမ်းဆုံ၊ ပဲခူးမြို့။ ၀၉-၇၉၁၂၉၇၀၃၆ |
| ၉ | လင်းဆေးခန်း | သာဝတ္ထိ-ရေနီလမ်းမကြီးပေါ် (ရန်ကုန်-မန္တလေးလမ်းဟောင်း)၊ သာဝတ္ထိမြို့၊ နေပြည်တော်။ ၀၉-၇၈၅၃၀၃၀၄၉ |
| ၁၀ | ကုဋေ‌ဋ္ဌေးဆေးခန်း | အမှတ်(၆၅၈)၊ အင်းဝလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၉၃၄၈၄၉၈၂ |
| ၁၁ | ဘေးမခဆေးခန်း(မှော်ဘီ) | အမှတ်(က/၈၇၀)ပြည်လမ်း၊(၂)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၇၉၆၉၇၀၄၅ |
| ၁၂ | ဘေးမခဆေးခန်း (လှည်းကူး) | အမှတ်(၉၅၈) ကျွန်းကလေးကျေးရွာ၊ သာယာကုန်းရပ်ကွက်၊ ရန်ကုန်-ပဲခူးလမ်းမကြီးဘေး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၂၅၀၃၉၈၅၂၄ |
| ၁၃ | မိုးကောင်းရတနာဆေးခန်း (မှော်ဘီ) | အကွက်အမှတ်(၅၈၂/က) တပ်ကြီးကုန်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၅၀၁၃၄၄၈၈၊ ၀၉-၇၅၇၄၇၇၄၂၇ |
| ၁၄ | မိုးကောင်းရတနာဆေးခန်း (လှည်းကူး) | အကွက်အမှတ်(၄၂၁/၄၂၂) ပြည်တော်သာ(၇)လမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၅၀၁၃၂၂၈၈ |
| ၁၅ | သုခစုစံဆေးခန်း (မန္တလေး-၂) | စည်ပင်တိုက်ခန်း အမှတ်(A4-A5)၊ ၈၇ လမ်း၊ ၄၀ x ၄၁ လမ်း၊ အကွက်အမှတ်(၂၈၁) ဒေးဝန်းအရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ၀၉-၉၇၄၈၅၃၈၀၃ |
| ၁၆ | ကောင်းဇေဆေးခန်း(ပဲခူး) | ရန်ကုန်-မန္တလေးလမ်း၊ အမှတ်(၈)ရပ်ကွက်၊ အင်းတကော်မြို့နယ်၊ ပဲခူးမြို့။ ၀၉-၄၂၆၅၇၈၈၄၆ |
| ၁၇ | သုခစုစံဆေးခန်း(ပဲခူး) | ဇန္ဒုလလမ်းနှင့် မှော်ကန်(၁)လမ်းထောင့်၊ ပဲခူးမြို့။ ၀၉-၇၅၅၅၈၀၀၈၀၇ |
| ၁၈ | ကောင်းဇေဆေးခန်း (လှိုင်သာယာ) | လှိုင်မြစ်လမ်းမကြီး(ခေါ်)ညောင်တုန်းလမ်းမကြီး၊ (၉)ရပ်ကွက်၊ စနေမှတ်တိုင်အနီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၅၅၉၈၂၆၁၁၊ ၀၉-၉၈၆၅၉၅၈၃၀ |
| ၁၉ | မိုးကောင်းရတနာ (ဘောက်ထော်) | အမှတ်(၁၅)ရပ်ကွက်၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၅၀၁၃၅၅၈၈ |
| ၂၀ | သုခစုစံဆေးခန်း (ရွှေလင်ဗန်း) | တိုက်(၁၀) အခန်း (၀၀၁)၊ ရွှေလင်းပန်း၊ Shop House၊ ကျန်စစ်သားလမ်း၊ ၂၃ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၅၅၅၈၀၀၈၀၇ |
| ၂၁ | ဘေးမခဆေးခန်း(ဖြူး) | ရန်ကုန်-မန္တလေးလမ်း၊ ပဲခူးလမ်းတောင်ပိုင်း၊ ဈေးရပ်ကွက်၊ ဖြူးမြို့နယ်၊ ပဲခူးမြို့။ ၀၉-၇၈၉၃၄၂၈၀၉ |

**မှတ်ချက်။** အသေးစိတ်အချက်အလက်များအား လူမှုဖူလုံရေးအဖွဲ့၏ Website Link ဖြစ်သော https://www.ssb.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၈၅ | ၁၈၃၀ | ၁၈၂၅ | ၁၇၉၅ | ၁၈၃၀ | ၁၈၅၀ | ၁၈၄၀ | ၁၈၁၅ | ၁၉၁၀ | ၁၉၂၅ | ၁၈၂၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၆၅ | ၁၈၇၀ | ၂၀၉၀ | ၂၆၃၅ |
| 95 Ron | ၁၈၅၀ | ၁၈၉၅ | ၁၈၉၅ | ၁၈၅၅ | ၁၈၉၅ | ၁၉၁၅ | ၁၉၀၀ | ၁၈၈၀ | ၁၉၇၅ | ၁၉၉၀ | ၁၈၈၅ | ၁၉၀၅ | ၁၉၃၀ | ၁၉၃၀ | ၁၉၃၅ | ၂၁၅၀ | ၂၆၉၀ |
| HSD (500 ppm) | ၂၀၇၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၉၈၀ |
| HSD (50 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၆၀ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၃၅ | ၃၀၁၀ |
| HSD (10 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၆၀ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၃၅ | ၃၀၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၃ | ၁၇၆၀ |
| 95 Ron | ၁၇၅၅ | ၁၈၂၄ |
| HSD (500 ppm) | ၁၉၇၃ | ၂၀၄၂ |
| HSD (50 ppm) | ၂၀၂၈ | ၂၀၉၈ |
| HSD (10 ppm) | ၂၀၂၈ | ၂၀၉၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၃၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၄၂,၄၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၀၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၉၁၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကျောင်းနေပြင်ပ ကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၉) ခု | (၆)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၃၄၈) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၂၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၄၁၀) ခု | (၁၁)ဦး |
| စုစုပေါင်း | (၆,၅၃၅) ခု | (၂၁)ဦး |

အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်းရောက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၀၈၂၁၉၅ | ၈၈၂၁၅၀၀၈ | ၁၀၅၅၀၅၉ |
| ၂။ | အိန္ဒိယ | ၄၄၀၃၆၂၇၅ | ၄၃၃၆၅၈၉၀ | ၅၂၆၃၉၆ |
| ၃။ | ပြင်သစ် | ၃၃၈၅၉၅၇၅ | ၃၂၂၁၄၉၅၈ | ၁၅၁၉၈၃ |
| ၄။ | ဘရာဇီး | ၃၃၈၃၃၉၀၀ | ၃၂၃၅၄၂၆၃ | ၆၇၈၅၇ |
| ၅။ | ဂျာမနီ | ၃၀၈၅၃၃၁၂ | ၂၉၀၀၅၁၀၀ | ၁၄၃၉၇၂ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၆၉၆၇၈၆ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၁၀၄၀၀၂၅ | ၁၉၅၉၁၄၅၆ | ၁၇၂၀၈၆ |
| ၈။ | တောင်ကိုရီးယား | ၁၉၈၂၀၇၃၉ | ၁၈၆၁၆၂၃၁ | ၂၅၀၆၈ |
| ၉။ | ရုရှား | ၁၈၆၁၂၅၄၃ | ၁၇၉၈၁၄၇၅ | ၃၈၂၄၆၉ |
| ၁၀။ | တူကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၈၁၀၀၉ | ၉၉၂၃၀၄၄ | ၄၃၀၉၃ |
| ၂။ | အင်ဒိုနီးရှား | ၆၂၁၀၇၉၄ | ၆၀၀၅၉၈၁ | ၁၅၇၀၀၄ |
| ၃။ | မလေးရှား | ၄၆၈၀၀၅၃ | ၄၅၉၈၇၇၈ | ၃၅၉၆၉ |
| ၄။ | ထိုင်း | ၄၅၉၂၂၈၄ | ၄၅၃၈၁၇၀ | ၃၁၄၀၇ |
| ၅။ | ဖိလစ်ပိုင် | ၃၇၈၀၁၇၈ | ၃၆၈၅၁၇၃ | ၆၀၇၃၇ |
| ၆။ | စင်ကာပူ | ၁၇၁၄၀၅၆ | ၁၆၂၀၂၃၇ | ၁၅၀၀ |
| ၇။ | မြန်မာ | ၆၁၄၀၉၂ | ၅၉၂၉၁၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၂၇၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၅၈၉၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၈၂၉ | ၁၃၃၅၃၂ | ၃၀၅၆ |

## ထားဝယ်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ထားဝယ် ဩဂုတ် ၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီးကို အကျိုးပြုစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကဒင်ဝကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အလယ်ကုန်းကျေးရွာနှင့် ကနိုင်းဒါကျေးရွာတို့တွင် Box Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၂၂၂



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

> ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး တချို့နိုင်ငံများတွင် စဖြစ်နေသည့်အနေအထားရှိကြောင်း၊ ယင်းတို့ကိုလည်း ကြည့်ရမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီကာလ ပြည်ပခရီးသည်များ ပြင်ဆင်ဆောင်ရွက်မှုအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားချိတ်ဆက်ရမည့်နေရာများနှင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အခက်အခဲတချို့ရှိကြောင်း၊ ယင်းမှာ နှောင့်ယှက်မှုဖြစ်ကြောင်း၊ လုပ်ကြံမီဒီယာတချို့နှင့် တချို့သော မြန်မာ့အကျိုးမလိုလားသည့်သူများက ခရီးသွားလာရန် အန္တရာယ်အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေသည်ဟု မည်သည့်အထောက်အထားမျှမရှိဘဲ ၎င်းတို့လုပ်ကြံကြောင်း၊ သို့သော် သတင်းထောက်ကြီးတို့မြင်သည့်အတိုင်း တချို့သော ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းအနှောင့်အယှက်မျိုးကို တွေ့နိုင်ကြောင်း၊ မိမိတို့ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိ

(ယမန်နေ့မှအဆက်)

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က နိုင်ငံပေါင်း ၄၇ နိုင်ငံက ကမ္ဘာလှည့် ခရီးသည်များသည် နိုင်ငံတကာလေကြောင်းလိုင်း ၁၁ ခုမှ ဝင်ရောက်လာလျက်ရှိကြောင်းကို သိရှိရပါကြောင်း၊ မကြာမီကာလတွင်ရောက်ရှိမည့် ပွင့်လင်းကာလ ခရီးသွားရာသီတွင် လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအတွက် မည်သို့ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ခရီးသွားလာမှုမြှင့်တင်ရေးအစီအစဉ်များ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လေကြောင်းကဏ္ဍအနေဖြင့် လေကြောင်းခရီးသွားလာမှု ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးအဆင်ပြေချောမွေ့ရေးအတွက် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လေကြောင်းကဏ္ဍအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားနိုင်ငံနှင့် ဆွေးနွေးခဲ့ရာတွင် ခရီးသွားလာမှုမြှင့်တင်ရေးအစီအစဉ်များပါကြောင်း၊ တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းရန်အတွက် ဆွေးနွေးခဲ့မှုများရှိကြောင်း၊ ထို့ပြင် အခြားနိုင်ငံများနှင့်လည်း ဆွေးနွေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး တချို့နိုင်ငံများတွင် စဖြစ်နေသည့်အနေအထားရှိကြောင်း၊ ယင်းတို့ကိုလည်းကြည့်ရမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီကာလ ပြည်ပခရီးသည်များ ပြင်ဆင်ဆောင်ရွက်မှုအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားချိတ်ဆက်ရမည့်နေရာများနှင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊သို့သော် အခက်အခဲတချို့ရှိကြောင်း၊ ယင်းမှာ နှောင့်ယှက်မှုဖြစ်ကြောင်း၊ လုပ်ကြံမီဒီယာတချို့နှင့် တချို့သော မြန်မာ့အကျိုးမလိုလားသည့်သူများက ခရီးသွားလာရန် အန္တရာယ်အများဆုံးနိုင်ငံများထဲတွင် ပါဝင်နေသည်ဟု မည်သည့်အထောက်အထားမျှမရှိဘဲ ၎င်းတို့လုပ်ကြံကြောင်း၊ သို့သော် သတင်းထောက်ကြီးတို့မြင်သည့်အတိုင်း တချို့သော ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းအနှောင့်အယှက်မျိုးကို တွေ့နိုင်ကြောင်း၊ မိမိတို့ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်တိုင်း အွန်လိုင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်**က ICJ နှင့်ပတ်သက်ပြီး နိုင်ငံတကာခုံရုံးတွင် ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုမှုအပေါ် မြန်မာနိုင်ငံကိုယ်စားလှယ်များ၏ တင်ပြလျှောက်လဲချက်ကို ပယ်ချခံရသည်ဟု ကြားသိရပါကြောင်း၊ ထိုကိစ္စသည် နိုင်ငံတော်နှင့် ပြည်သူအပေါ် မည်သည့်ဆိုးကျိုးများကျရောက်နိုင်သည်၊ ဆိုးကျိုးများမကျရောက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်မှုများရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဆိုးကျိုးက ပိုက်ဆံကုန်ပါကြောင်း၊ နိုင်ငံတကာတရားရုံးများတွင် ပြည်တွင်းဥပဒေကဲ့သို့ ပုဒ်မမရှိပါကြောင်း၊ တိကျသည့်ပြဋ္ဌာန်းချက်များမရှိပါကြောင်း၊ ယင်းတို့အခြေပြုရသည်မှာ ယခင်စီရင်ထုံးများကိုအခြေပြုကြောင်း၊ ပညာရှင်များ၏ အဆိုအမိန့်များကို အခြေပြုကြောင်း၊ ဥပဒေပညာရှင်များ၏ စာအုပ်များကို အခြေပြုရခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့် မည်သို့အရေးယူသည်ဟုမရှိပါကြောင်း၊ နောက်ပိုင်းတွင် ချဲ့ထွင်မှုရှိကောင်းရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာနိုင်ငံက နိုင်ငံချင်းတရားစွဲခြင်းဖြစ်ကြောင်း၊ ဂမ်ဘီယာနိုင်ငံက တရားစွဲရာတွင် မိမိတို့အနေဖြင့် အချက်(၄)ချက်ဖြင့် တရားစွဲခွင့်မရှိဟုပြောခဲ့ပါကြောင်း၊ အနှစ်ချုပ်ဆိုရလျှင် မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံသည် အလှမ်းဝေးသည့်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့် အကြောင်းအရာသည် ဂမ်ဘီယာနိုင်ငံအပေါ် မည်သို့မျှအကျိုးမသက်ရောက်ပါကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့် နစ်နာသွားခြင်းမရှိခြင်းကြောင့် တရားစွဲဆိုပိုင်ခွင့်မရှိဟု ပြောခဲ့ပါကြောင်း၊ ယင်းတို့က ရှိသည်ဟုလုပ်ပါကြောင်း၊ ထို့ကြောင့် ယင်းက စီရင်ထုံးတစ်ခုဖြစ်သွားပြီဟုဆိုလျှင် စီရင်ထုံးသည် တစ်ကမ္ဘာလုံးအပေါ်သက်ရောက်ပါကြောင်း၊ ဥပမာ မိမိပြောလိုကြောင်း၊ အမေရိကန်ကို ယခင်က တရားစွဲ၍မရဟု ပြောကြကြောင်း၊ အမေရိကန်ကို အီရတ်ကိုတိုက်ခိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံက တရားစွဲမည်ဆိုပါက မဖြစ်နိုင်ဘူးလား၊ ထိုအရာသည် စီရင်ထုံးဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် နားလည်လွယ်အောင် ပြောခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုသည် တရားရင်ဆိုင်ရမည်၊ ပိုက်ဆံကုန်မည်၊ မလိုလားအပ်သည့် ဂုဏ်သိက္ခာပိုင်း၊ ရပ်တည်မှုပိုင်းဆိုင်ရာများ ထိခိုက်လာနိုင်ကြောင်း၊ ယခုအစိုးရလက်ထက်သာမက အစိုးရအဆက်ဆက် ဆက်လုပ်သွားရမည်ဖြစ်ကြောင်း၊ အကျိုးဆက်များ မည်သည်ကစသည်ဆိုလျှင် မှားယွင်းပြီး အကြံပေးအဖွဲ့ဖွဲ့စည်းခြင်း၊ မှားယွင်းစွာဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို နိုင်ငံတကာအရေးပုံစံဖြစ်အောင် ချဲ့ထွင်ပေးလိုက်ခြင်းကစသည်ဟု မိမိမြင်ပါကြောင်း၊ ထို့ကြောင့် တရားစီရင်ရေးကို မိမိတို့မျှော်လင့်သည်က ဥပမာဆိုရလျှင် ကုလသမဂ္ဂတွင် ပင်မအဖွဲ့အစည်း ခြောက်ခုရှိပါကြောင်း၊ ICJ သည် တရားစီရင်ရေးအဖွဲ့၊ ICJ အပါအဝင်ဖြစ်ပါကြောင်း၊ နိုင်ငံတကာက ရိုသေလေးစားရသည့်အဖွဲ့ဖြစ်ကြောင်း၊ ကျန်သည့်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အထွေထွေညီလာခံတွင် မြန်မာကိုယ်စားလှယ် တက်ခွင့်မရပါကြောင်း၊ ကျန်သည့်အဖွဲ့အစည်းများသည် အသိအမှတ်ပြုသလိုလို၊ မပြုသလိုလို အဖွဲ့အစည်းများလည်းရှိပါကြောင်း၊ တရားစွဲမည့်ကိစ္စကို အကုန်လုံးက အသိအမှတ်ပြုပါကြောင်း၊ သို့သော် မြန်မာနိုင်ငံအစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့်လုပ်ပါကြောင်း၊ ကုလသမဂ္ဂ၏ တရားစီရင်ရေးဆိုင်ရာ တရားဝင်အဖွဲ့အစည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာဥပဒေကို အဓိကမဏ္ဍိုင်အဖြစ် ကျင့်သုံးနေသည့်အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာဥပဒေကို အဓိကမဏ္ဍိုင်အဖြစ် ကျင့်သုံးနေသည့် အဖွဲ့အစည်းကြီးသည် နောင်တွင်လည်း နိုင်ငံတကာဥပဒေရေးရာပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာဥပဒေရေးရာစီရင်ထုံးများ၊ နိုင်ငံတကာ ဥပဒေသက်သေသာဓကများနှင့်အညီ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သည့်ကိစ္စများကို အဖွဲ့အစည်းများဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**အခြေခံလူတန်းစား ခရီးသွားမိဘပြည်သူများ၏ ခရီးသွားလာမှုများနှင့် ကုန်စည်စီးဆင်းမှု**

**နေပြည်တော် အွန်လိုင်းသတင်းအေဂျင်စီမှ လက်ထောက်အယ်ဒီတာ ဦးဝင်းနိုင်**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အခြေခံလူတန်းစားခရီးသွားမိဘပြည်သူများ၏ ခရီးသွားလာမှုများနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေစေရန် သာစည်-ရွှေညောင်-ရပ်စောက် တောင်ပေါ်မီးရထားခရီးစဉ်နှင့် မြင်းခြံ-သာစည် မြေပြန့်ဒေသ မီးရထားခရီးစဉ်များကို ယခင်ကဲ့သို့ မီးရထားအစီးရေဖြင့် ပုံမှန်ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်ကဲ့သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုပါကြောင်း၊ ယခင်က ကားရထား၊ RBE ရထားများကိုသာ အားကိုးအားထားပြုပြီး ကူးသန်းရောင်းဝယ်နေကြသော ခရီးသွားမိဘပြည်သူများအတွက် အဆိုပါရထားများ ပြေးဆွဲမှု ရပ်ဆိုင်းထားသောကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ယင်းအခက်အခဲများ အဆင်ပြေစေရန် ယခင်ကဲ့သို့ပြန်လည်ပြေးဆွဲပေးနိုင်စေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုကိစ္စများဖြစ်ပေါ်လာသည့်အကြောင်းမှာ လုံခြုံရေးကိစ္စကြောင့်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မီးရထားတစ်စင်းအား လုံခြုံရေးမပါရှိဘဲပြေးဆွဲ၍မရကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းမှာပင် မိုင်းထောင်ခြင်း၊ ကွန်ကရစ်တုံးများကန့်လန့်ခံခြင်း၊ သစ်ပင်ကြီးများ ကန့်လန့်ချထားခြင်း၊ တံတားအဆက်များနှင့် မူလီဖြုတ်ခြင်းများကို အကြမ်းဖက်သမားများက ပြုလုပ်ခဲ့ကြပြီး အစိုးရအနေဖြင့် ပြန်လည်ပြင်ဆင်ဖယ်ရှားမှုများ များစွာပြုလုပ်ခဲ့ရကြောင်း၊ ရန်ကုန်မြို့ပတ်ရထားပေါ်တွင်လည်း ရထားလုံခြုံရေးရဲများကို အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြကြောင်း၊ RBE ရထားပြေးဆွဲမှုတွင် ရထားလမ်းပိုင်းအနေဖြင့် စိတ်ချရသော်လည်း ရထားပေါ်တွင် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်မည်ကိုစိုးရိမ်ကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ယခင်ထက်ပို၍ဆောင်ရွက်နေကြောင်း၊ လုံခြုံရေးအပိုင်းကို ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း မိမိတို့နိုင်ငံတွင် ပြည်သူ့ပို့ဆောင်ရေးစနစ် ပိုမိုထွန်းကားလာစေရန် အမြဲတစေ ဂရုတစိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ချင့်ချိန်နေသည်မှာ လုံခြုံရေးအပိုင်းသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံတော်သမ္မတရုံးမှထုတ်ပြန်သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ညွှန်ကြားချက်**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မေးခွန်းမေးခြင်းမပြုမီ နိုင်ငံတော်အတွင်း အမှုအခင်းကိစ္စရပ်များကိုဆုံးဖြတ်ရာတွင် အောက်ခြေမှ ဆုံးဖြတ်ချက်တချို့သည် တရားမျှတမှုမရှိဟု ယုံကြည်ရသည့်အတွက် နိုင်ငံတော်အကြီးအကဲ သို့မဟုတ် နိုင်ငံတော်သမ္မတအထိ တင်ပြ၍ အကူအညီတောင်းခံ တိုင်ကြားခြင်းများရှိခဲ့ကြောင်း၊ ထိုကဲ့သို့ တိုင်ကြားမှုများရရှိပါက နိုင်ငံတော်အကြီးအကဲ သို့မဟုတ် နိုင်ငံတော်သမ္မတက အဆိုပါဖြစ်စဉ်များသည် အဂတိလိုက်စားမှုရှိ၊ မရှိ၊ ဥပဒေစိုးမိုးမှုကို ထိခိုက်မှုရှိ၊ မရှိ စုံစမ်းစစ်ဆေးခိုင်းပြီး အမှုကိစ္စရပ်များအတွက် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း၊ သို့သော်လည်း တချို့သော အငြင်းပွားမှုကိစ္စရပ်များတွင် နိုင်ငံတော်အကြီးအကဲ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့သော်လည်း အောက်ခြေဌာနအဖွဲ့အစည်းတချို့သည် လိုက်ပါလုပ်ဆောင်ခြင်းမပြုဘဲ ၎င်းတို့ဆုံးဖြတ်ချက်ဖြင့် သီးခြားအမိန့်များ ထုတ်ပြန်၍ ဆုံးဖြတ်လုပ်ဆောင်မှုများကြောင့် ပြည်သူများသည် နိုင်ငံတော်အကြီးအကဲ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးမှထုတ်ပြန်သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ညွှန်ကြားချက်ကိုလက်ခံရမည်လား သို့မဟုတ် အောက်ခြေဌာန အဖွဲ့အစည်းတချို့က ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်ကို လက်ခံရမည်လား မဝေခွဲနိုင်၊ မသိနိုင်ဖြစ်နေကြောင်း၊ အထက်ပါကဲ့သို့ အမိန့်ညွှန်ကြားချက်များကြောင့် တချို့သောပြဿနာရပ်များတွင် ပြည်သူအချင်းချင်း မကျေမနပ်ဖြစ်လာပြီး ဥပဒေစိုးမိုးမှုကို ထိခိုက်နိုင်သည့် ဖြေရှင်းမှုများအထိ ဖြစ်လာနိုင်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးက မည်သည့်အမှုကိစ္စရပ်အတွက် မည်သို့လုပ်ရန်ဟုဆိုသည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ညွှန်ကြားချက်ထုတ်ပြန်ပြီး နောက်ပိုင်းတွင် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊

**စာမျက်နှာ ၁၉ သို့** ■

■ စာမျက်နှာ ၁၈ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ခရိုင်/မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများ၊ ပြည်နယ်/တိုင်း/ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများတွင် ဖွဲ့စည်းပေးထားသည့် ကော်မတီ/ ကော်မရှင်များ အနေဖြင့် နိုင်ငံတော်အကြီးအကဲ သို့မဟုတ် နိုင်ငံတော် သမ္မတရုံးက ထုတ်ပြန်သည့်ဥပဒေကဲ့သို့ အာဏာ တည်သောအမိန့်ညွှန်ကြားချက်များကို ကျော်လွန်ပြီး မိမိသဘောဖြင့် သီးခြားအမိန့်ထုတ်ပြန်လုပ်ဆောင်ခြင်းများ၊ ဆုံးဖြတ်ခြင်းများလုပ်ဆောင်၍ ရ မရနှင့် ထိုဆုံးဖြတ်ချက်များသည် တရားဝင်ဖြစ်၊ မဖြစ် ဆိုသည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီး၏ မေးခွန်းတွင် မှားယွင်းနေသည့်အပိုင်းရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ မည်သည့် အမှုတွင် မည်သို့လုပ်ရန်ဆိုသည့်အချက်ဖြစ်ကြောင်း၊ ထိုကဲ့သို့အမိန့်ထုတ်ပြန်ခြင်းမျိုး တစ်ကြိမ်မျှ မရှိကြောင်း၊ မိမိတို့သည် ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းမျိုးသာရှိကြောင်း၊ မိမိတို့အစိုးရသည် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဥပဒေအတိုင်းသာသွားကြောင်း၊ လိုက်နာကြောင်း၊ ဥပဒေကိုကျော်လွန်ပြီး မည်သည့်အမှုကို မည်သို့လုပ်ရန် အမိန့်ညွှန်ကြားချက်များထုတ်ပြန်သည့် ထုံးစံမရှိကြောင်း၊ မည်သည့် အခါမျှ လုပ်ဆောင်ခြင်းမျိုးလည်း မရှိကြောင်း၊ အစိုးရဌာနဆိုင်ရာတိုင်းတွင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များရှိပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိပါက အဆင့်ဆင့် တိုင်ကြားနိုင်ကြောင်း၊ နိုင်ငံသားတစ်ဦး နစ်နာမှုရှိပါက နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များအခန်းတွင် အခြေခံဥပဒေကို ဖော်ပြထားကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိနစ်နာမှုအား တရားရုံးသို့ ဦးတိုက်လျှောက်ထားနိုင်ကြောင်း၊ စာချွန်တော်များ လျှောက်ထားနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**လယ်ယာမြေနှင့် အခြားမြေများ**
**သိမ်းဆည်းခံရသောကိစ္စ**


**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က NLD အစိုးရလက်ထက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် လယ်/စီဗဟိုဥက္ကဋ္ဌကိုယ်စား ဗိုလ်ချုပ်အောင်စိုးက တာချီလိတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသောကိစ္စကို လယ်/စီဗဟိုသို့တင်ပြခဲ့ပြီး ယင်းကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိသည်ကို မိမိထံသို့ ပြောကြားလာခြင်းရှိကြောင်းနှင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ လက်ရှိအခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ၂၀၁၇ ခုနှစ်ကကိစ္စဖြစ်သော်လည်း လက်ခံပေး၍ရကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်သွယ်ပေးမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် ညီ၊ မညီကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း** က နိုင်ငံလုံခြုံရေးကို အလုံးစုံတာဝန်ယူထားသည့် တပ်မတော်အာဏာယူထားချိန်တွင် ပြည်သူလူထု၏အသက်များသည် တန်ဖိုးမဲ့သတ်ဖြတ်ခြင်းကိုခံနေရကြောင်း၊ လုံခြုံရေး အစီအမံများရှိပါက အသေးစိတ်သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လုံခြုံရေးအစီအမံကို အသေးစိတ်ပြောပြခြင်းမျိုး ထုံးစံမရှိကြောင်း၊ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းခြင်းများနှင့်ပတ်သက်၍လည်း ပြောကြားပြီးဖြစ်ကြောင်း၊ နေရာအချို့၌ လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်နေသည်ကိုလည်း မိမိတို့သိရှိပါကြောင်း၊ မိမိတို့လုံခြုံရေး

**ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ။**



တပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်၊ ခဲယမ်းဖော်ထုတ်ဖမ်းဆီးရမှုများ နေ့စဉ်ရှိနေကြောင်း၊ ယခုနောက်ပိုင်းတွင် အကြမ်းဖက်လှုပ်ရှားမှုဖြစ်စဉ်များ ပို၍များလာကြောင်း၊ လက်နက်/ ခဲယမ်းဖမ်းဆီးရမှုများလည်း ပို၍များလာကြောင်း၊ ဆန့်ကျင်ဘက်လှုပ်ရှားနေသူများသည်လည်း ယခုအချိန်တွင် လက်နက်ခဲယမ်းများ ပိုမိုတင်သွင်းလာသည်ကို တွေ့ရကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံဂျာနယ်မှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး**က နိုင်ငံတော်အဆင့် လူကြီးများက လက်ရှိအခြေအနေသည် အာဏာသိမ်းခြင်းမျိုးမဟုတ်ဘဲ လိုအပ်၍ ခေတ္တအာဏာထိန်းထားခြင်းသာဖြစ်ပြီး ဆောင်ရွက်မှုများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ သို့သော်လည်း အောက်ခြေရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဆင့်များတွင် စစ်အုပ်ချုပ်ရေးဟူ၍ လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ အာဏာပြဆောင်ရွက်မှုများစွာတွေ့ရကြောင်း၊ ယင်းဖြစ်စဉ်များကို မည်ကဲ့သို့ထိန်းချုပ်ဆောင်ရွက်မည်ကိုသိလိုပါကြောင်း၊ အသေးစိတ်ဖြစ်စဉ်များကိုသိလိုပါက အထောက်အထားပြည့်စုံစွာ တင်ပြပေးမည်ဖြစ်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အထောက်အထားများကိုသာ ပြည့်စုံစွာပေးခဲ့စေလိုကြောင်း၊ စစ်ဆေးပြီးမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အခြေခံလူတန်းစား အများစုနေထိုင်ကြသည့်**
**တိုင်းရင်းသားကျေးလက်ဒေသများ**

**နေပြည်တော်ဟစ်တိုင်သတင်းဌာနမှ CEO ဦးသက်နိုင်ထွန်း**က တိုင်းရင်းသားအခြေခံကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် မေးခွန်းကို မေးမြန်းသွားမည်ဖြစ်ပြီး မိမိတို့နိုင်ငံတွင် တိုင်းရင်းသား ၁၃၅ မျိုးနေထိုင်ကြပြီး မိမိတို့သတင်းဌာနအနေဖြင့် ပြည်သူများ၏အခက်အခဲများကို သိရှိစေရန် ကျေးလက်ဒေသများသို့ နယ်လှည့်ကွင်းဆင်း၍ သတင်းစုံစမ်းစိစစ်ရာ ယနေ့ခေတ်အခြေအနေအချိန်အခါအရ ဒေါ်လာ၊ ထိုင်းဘတ်တန်ဖိုးများတက်နေသည်ကိုအယောင်ပြ၍ အခြေခံလူတန်းစားအများစုနေထိုင်ကြသည့် တိုင်းရင်းသားကျေးလက်ဒေသများတွင် ပြည်တွင်းထွက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ကြက်ဥ၊ ဘဲဥ ဈေးနှုန်းများ နေ့စဉ်နှင့်အမျှမြင့်တက်လာနေကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသ ကျန်းမာရေးဌာနများကို လက်လုပ်လက်စားပြည်သူများအနေဖြင့် အားကိုးအားထားပြုလျက်ရှိကြောင်း၊ ကျေးလက်တောသူတောင်သား လက်လုပ်လက်စား အခြေခံလူတန်းစားများသည် ယခုကဲ့သို့ ဆေးဝါးအခက်အခဲများ ကြုံနေရသည့်အချိန်များတွင် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်အတိုင်း အစာအာဟာရပြည့်စုံစေရန် ကုန်ဈေးနှုန်းများ ကြီးမြင့်နေမှုကြောင့် အစာအာဟာရပြည့်ဝစွာ စားသောက်နိုင်မည်ဟု မထင်မိပါကြောင်း၊ ကျေးလက်ဒေသများတွင်ဆေးဝါးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် များစွာပံ့ပိုးပေးလျက်ရှိကြောင်း၊ ပရဟိတအဖွဲ့များကလည်း များစွာကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသများတွင် ပါရာစီတမောတစ်လုံး ၁၅၀ ကျပ်ပေးရသည်များလည်းရှိကြောင်း၊ ထို့ကြောင့် ယင်းဒေသများ၏ ကုန်ဈေးနှုန်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးဆိုင်ရာအထောက်အကူပြုဆေးဝါးများ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိကြောင်း မေးမြန်းသည်။

**ဆန်၊ ဆီ၊ ဆား အစရှိသည့်**
**စားသောက်ကုန် ၁၄ မျိုး၏ ဈေးနှုန်းတည်ငြိမ်ရေး**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အခြေခံစားကုန်များအဖြစ် မိမိတို့သတ်မှတ်ထားသည့် ဆန်၊ ဆီ၊ ဆား အစရှိသည့် စားသောက်ကုန် ၁၄ မျိုး၏ ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ အစိုးရအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့်ဈေးနှုန်းနှင့် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပမှတင်သွင်းသည့် ဆီဈေးနှုန်းမှာမူ ၎င်း၏ပေါက်ဈေးအတိုင်းသာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းကိုမူ ထိန်းညှိဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆန်ဆိုလျှင် ပြည်ပတင်ပို့မှုများရှိသကဲ့သို့ ပြည်တွင်း၌ အရန်ထားရှိရသည်များလည်းရှိကြောင်း၊ ထိုကုန်ပစ္စည်းများ၏ဈေးနှုန်းကို ထိန်းညှိဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်လျှင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်ကျန်းမာရေးဦးစီးဌာနကဲ့သို့သော ဌာနများဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ တပ်မတော်အနေဖြင့်လည်း နယ်လှည့်ဆေးကုသပေးမှုကဲ့သို့သော ဆောင်ရွက်ချက်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တချို့သော ဆေးဝါးများနှင့်ပတ်သက်၍ ကောလာဟလများ ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် အခြေခံကျသည့်ဆေးဝါးများကို ထုတ်လုပ်နိုင်သည့် စက်ရုံများရှိပြီး အဆိုပါစက်ရုံများမှလည်း ဆေးဝါးများထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်းမှထုတ်လုပ်သည့်ဆေးဝါးများကို ယခင် BPI ဆေးဝါးများ၏အရည်အသွေးကိုမီအောင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် အနည်းငယ်ကြီးမြင့်နိုင်ကြောင်း၊ ပါရာစီတမောနှင့် ဘာမီတွန်ကဲ့သို့သော ဆေးဝါးများနှင့် အခြားနိုင်ငံများမှတင်သွင်းလာသည့် ဆေးဝါးများရှိကြောင်း၊ တချို့သောဆေးဝါးများမှာ အရေအတွက်များများ ရနိုင်မည်ဖြစ်သော်လည်း အရည်အသွေးမှာ ပြည့်မီခြင်းမရှိကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍လည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသ ကျန်းမာရေးကိစ္စများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးစေလိုကြောင်း ပြောကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးဟု ဆိုသည့် ရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေး အသိပညာမြှင့်တင်ပေးခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်သည့် Health Service ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ပေးရာတွင် ကျေးလက်ဒေသဖြစ်ပါက ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် တိုက်နယ်ဆေးရုံများ စသည်ဖြင့် အဆင့်ဆင့်ကို Catchment ဧရိယာအလိုက် ဖွဲ့စည်းထားကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အထူးသဖြင့် TB၊ HIV နှင့် ငှက်ဖျား စသည့်ရောဂါများနှင့်ပတ်သက်သည့် ဆေးဝါးများကိုလည်း လာရောက်ပြသသည့်လူနာများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့အပြင် သွေးတိုး၊ နှလုံး၊ ဆီးချိုနှင့်ပတ်သက်လျှင်လည်း NCD Clinic များ ဖွင့်လှစ်၍ လာရောက်ပြသသည့်လူနာများကို ရောဂါနှင့်ပတ်သက်၍ စစ်ဆေးပေးသည့်အပြင် ဆေးဝါးများကိုလည်း အခမဲ့ထုတ်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဆေးရုံများတွင်လည်း ဆေးဝါးများကို တတ်နိုင်သမျှ အခမဲ့ထုတ်ပေးလျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလတွင်လည်း ဆေးဝါးအများအပြား ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုလတ်တလောတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း၊ ဆေးဝါးများ၏ ဈေးနှုန်းနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းရှိကြောင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို ၎င်းတို့က တင်သွင်းခြင်းဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယူရကြောင်း၊ မိမိအနေဖြင့် တင်ပြလိုသည်မှာ လုပ်ငန်းရှင်ကြီးများအနေဖြင့် တစ်ဖက်မှ ပြည်သူလူထု၏ အကျိုးကိုရှေးရှု၍ အတ္တနှင့်ပရ မျှမျှတတ စဉ်းစားပြီး ဆေးဝါးနှင့်ပတ်သက်၍ ကြိုတင်ဈေးတက်ခြင်းမျိုးမဟုတ်ဘဲ မိမိဝယ်ယူထားသည့် ဆေးဝါးများနှင့် ရောင်းချသည့်ဈေးနှုန်းကို ပြည်သူလူထုအား မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်အတွက် တိုက်တွန်းပြောကြားလျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**နေပြည်တော်ဟစ်တိုင် အွန်လိုင်းသတင်းစုံမှ CEO ဦးသက်နိုင်ထွန်း**က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုပြန်လည်ဖြေကြားခဲ့သကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက ပြည်သူလူထုအများစုဖြစ်သည့် အခြေခံလူတန်းစားများအနေဖြင့် အတော်အဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ကျေးလက်ကျန်းမာရေးဌာနများ၌ ဂလူးကို့စ်မှအစ ပြည်သူလူထုက ဝယ်ယူသုံးစွဲနေရကြောင်း၊ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသိရှိနိုင်ရန်အတွက် မိမိအနေဖြင့် ယခုသတင်းစာရှင်းလင်းပွဲမှအသိပေးပြောကြားလိုကြောင်း ပြောကြားသည်။ ဆက်လက်ဖော်ပြပါမည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

[ ၂ ]

“ရေနံ့သာ” သည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား အသွင်မပျက် သဏ္ဌာန်မပြောင်းဘဲ ဆီးကြိုလက်ခံသည်ပင် ဖြစ်ပါသည်။ အခါတိုင်းကလိုပင် ရှင်လန်းချမ်းမြေ့ဖွယ် အဆင်းအရောင်ကို ဆောင်မြဲဆောင်လျက် ရှိသည်။ မိုးရေသောက်ချိုးထားသော သစ်ပင်ပန်းပင်တို့သည် သန့်စင်စွာ စိမ်းစိုနေကြသည်။ သရက်ထည်ပန်းတို့သည် အသွေးအရောင်စုံလင်စွာ ပွင့်လန်းမြဲ ပွင့်လန်းနေကြသည်။


ခမ်းနားသော အိမ်ညှော့်ခန်းတွင် သစ်လွင်သော ဇာခန်းဆီးတို့ ရှိနေသည်။ ညှော့်ခန်းထောင့်ရှိ ပန်းအိုးတို့၌ မညှိုးသောပန်းတို့ ရှိနေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ကင်းကွာနေခဲ့လင့်ကစား ရေနံ့သာသည် စနစ်တကျ အုပ်ချုပ်မွမ်းမံမှုအောက်တွင် သပ်ရပ်ခမ်းနားမြဲ သပ်ရပ်ခမ်းနားနေသည်ကို တွေ့ရသည်။

ရေနံ့သာသို့ ဒေါ်ရေနံ့သာခင်ခင်ကြီး ရောက်ရှိလာလေလျှင် အစေခံ၊ မာလီ၊ ဒရိုင်ဘာ စသူတို့က ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ရှင်လန်းအားရ ဆီးကြိုနှုတ်ဆက်ကြသည်။ ၎င်းတို့၏ ဆီးကြိုနှုတ်ဆက်မှုနောက်ဝယ် သွင်းကုန်ထုတ်ကုန် လိုင်စင်ခေတ်က ခင်မင်ရင်းနှီးသူအချို့ ရောက်လာကြသည်။ နည်းပါးလှသော ခင်မင်ရင်းနှီးသူတို့အထဲမှ ပိုမိုခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ ညှော့်ခန်းတယ်လီဖုန်းမှာလည်း အဆက်မပြတ် မြည်နေကာ ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်စား ဦးခင်မောင်ညွန့်က ပြန်လည်ဖြေကြားနေရသည်နှင့် မအားလပ်နိုင်အောင် ဖြစ်နေရသည်။

ညှော့်ရှင်းချိန်၌ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အိပ်ခန်းတွင် အနားယူ လဲလျောင်းနေသည်။ အခါတိုင်းကလိုပင် အခန်းကို အမှောင်ချကာ လဲလျောင်းနေခဲ့ခြင်းဖြစ်သည်။ မမြင်ရသော အမှောင်ထဲသို့ မမိုတ်မသုန် စူးစိုက်ကြည့်နေသည်။

များမကြာမီမှာပင်အရှေ့မိုးကောင်းကင်၌ လရောင် ပေါ်ထွန်းလာသည်ကို မြင်ရသည်။ လရောင်သည် သစ်ရွက်ကြိုကြားနှင့် ခန်းဆီးကိုဖြတ်ကျော်ကာ ဒေါ်ရေနံ့သာခင်ခင်ကြီးအပါးသို့ ရောက်လာသည်။ ကြမ်းပြင်တွင် ရှည်လျားစွာ ကျရောက်လာသည်။




အချုပ်အနှောင်ခံရစဉ်က တဒင်္ဂခံစားရသော လရောင်ကို အမှတ်ရမိသေးတော့သည်။ ပြန်လည်စဉ်းစားမိလေတော့လည်း လူ့ဘဝဟူသည်မှာ မျက်လှည့်ဆရာ၏ ပဉ္စလက် အတတ်ပညာများနှင့် မခြားနားလှပါကလား ထင်သည်။ အပြောင်းအလဲ အတက်အကျ မြန်ဆန်လှချေသည်။ ယမန်နေ့ကဆိုလျှင်တော့ မည်းမှောင် ကျဉ်းကျပ်သော အခန်းကလေးမှနေကာ လူ့လောက၏ကျယ်ပြောခြင်းကို တမ်းတ ရှူမောနေခဲ့ရသည်။ ယနေ့ကျပြန်တော့လည်း ကျယ်ပြောသော လောကမှနေကာ ကျဉ်းမြောင်း မည်းမှောင်သော အခန်းငယ်ကလေးဆီသို့ ပြန်လည်သတိရ နေရပြန်သည်။

အမိဝမ်းတွင် ပဋိသန္ဓေနေသည်မှ သင်္ချိုင်းမြေ၌ မြှုပ်နှံသင်္ဂြိုဟ်ခြင်း ခံရသည်အထိဖြစ်သော အချိန်ကာလကို ဘဝဟု လူတို့ ဆိုစမှတ်ပြုကြသည်။

သည်ကာလ အပိုင်းအခြားအတွင်း ငိုခြင်း၊ ရယ်ခြင်း၊ တမ်းတပူဆွေးခြင်း၊ ကြည်နူးဆွတ်ပျံ့ရခြင်းတို့ အကြိမ်ကြိမ် အလီလီ ပေါ်ပေါက်ခဲ့သည်။ ဘဝဟူသည် ယင်းအရာများဖြင့် ဖွဲ့စည်းရက်ရှယ်ထားသော အရာဟု ယခုတော့ ဒေါ်ရေနံ့သာခင်ခင်ကြီး နားလည်ရပြီ။ သင်္ချိုင်းမြေ၌ မြှုပ်နှံသင်္ဂြိုဟ်ရခြင်းမခံရသေးမီအတွင်း ယင်းအရာများဖြင့် အဘယ်မျှ ထပ်မံတွေ့ဆုံရဦးမည်ကို မမှန်းဆတတ်နိုင်ပြီ။

တစ်စုံတစ်ယောက်က တံခါးလာခေါက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အတွေးစ ပြတ်တောက်သွားရသည်။ လဲလျောင်းရာမှ ထကာ မီးခလုတ်ဖွင့်လိုက်သည်။ တံခါးဖွင့်ပေးလိုက်သည်၌ ဒေါ်ဝင်းရီကို တွေ့ရသည်။

“ညှော့်သည်တွေ ရောက်လာတော့မယ် ထင်တယ်။ အဝတ်အစားလဲဖို့ကောင်းပြီ ညီမ”

ဒေါ်ဝင်းရီက ပြောသည်။

ဒေါ်ဝင်းရီ၏အကူအညီဖြင့် ဆံပင်ကို ထုံးဖွဲ့ရသည်။ အဝတ်အစား လဲလှယ်ဝတ်ဆင်ရသည်။

များမကြာမီ တောက်ပသော အဆင်းအရောင်ဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီး ညှော့်ခန်းသို့ ရောက်ရှိလာရချေသည်။

ယင်းအချိန်မှာပင် နွယ်နွယ်ထွန်းတို့သည်လည်း ရေနံ့သာသို့ရောက်ရှိလာကြလေသည်။

ရေနံ့သာသို့ ရောက်မလာသေးမီက နွယ်နွယ်ထွန်းသည်လည်း မိတ်ဆွေများကို ညှော့်ခံရသေးသည်။ လာသမျှ တယ်လီဖုန်းတို့ကို ဖြေခဲ့ရသေးသည်။ ညှော့်ရှင်းသွားချိန်၌မူ နွယ်နွယ်ထွန်းသည် သူ့ဘဝနှင့် စပ်လျဉ်း၍ ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့ထံ၌ စုံစမ်းစပ်စုမိသေးသည်။

ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်တို့က အဖြစ်အပျက်အလုံးစုံကို ပြန်လှန်ပြောကြားသည်။ အနှစ် နှစ်ဆယ်ကျော်မျှ မိမိအား မွေးစားသမီးအဖြစ် အသိမပေးဘဲ နှုတ်လုံစွာ စောင့်ထိန်းပြီး ရင်နှစ်သည်းချာပမာ ကျွေးမွေးပြုစု ချစ်ခင်ယုယခဲ့သည့် မွေးစားမိဘနှစ်ပါးတို့၏ မေတ္တာတရားကို နွယ်နွယ်ထွန်း အံ့သြရတော့သည်။

ပြီးလျှင် ပတ်ဝန်းကျင်ကလည်း မည်သို့မျှ သံသယမရှိခဲ့။ ဤသည်မှာ စစ်ကာလအတွင်းဖြစ်၍ တိုင်းပြည်မှာ ဗရုတ်ဗရက်ဖြစ်ကာ လူတို့ မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စမှတစ်ပါး အခြားသူတို့၏ အရေးအခင်းကို စပ်စုနိုင်ခြင်း မရှိသောကြောင့်လည်း ဖြစ်နိုင်သည်။ ဒေါ်နွယ်နွယ်သည် သားသမီးများစွာ မွေးခဲ့လင့်ကစား အဖတ်မတင်ခဲ့သောကြောင့်၊ အမြဲ့သဘောမျိုး မသက်ရောက်သောကြောင့်လည်း ဖြစ်နိုင်သည်။ စစ်ပြေးပြီးနောက် စစ်ပြီးခေတ် သည်မှာဘက်ပိုင်း၌ စလင်းကဲ့သို့ နေရာမျိုးသို့ ပြန်လည် မရောက်ရှိခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။ ဦးမောင်မောင်ကလေး၊ ဒေါ်ရွှေသစ် တို့ကဲ့သို့ သဲလွန်စ ပေးနိုင်သူများ သေဆုံးခဲ့လေသောကြောင့်လည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေ မမျှော်လင့် မထင်မှတ်သော အရာတို့သည်ကား ဖြစ်ပျက်လာခဲ့ပေပြီ။ ရှောင်လွှဲ၍လည်း ရနိုင်တော့မည်မဟုတ်။ တိမ်းဖယ်၍လည်း ရနိုင်တော့မည်မဟုတ်။ ဖြစ်သမျှကို ရေလည်အောင် ကြိုးစား၍ တတ်နိုင်သမျှ နားလည်အောင် စေ့ငုရပေတော့မည်။ စင်စစ် နွယ်နွယ်ထွန်း၏ ဘဝမှာ ယခုအခါ ဆစ်ပိုင်းနှစ်ပိုင်း ကွဲသွားသည်သို့ ဖြစ်သည်။ ပထမဆစ်ပိုင်းသည်ကား ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့နှင့် ပတ်သက်သည်။ ဒုတိယဆစ်ပိုင်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် စပ်လျဉ်းသော အပိုင်းဖြစ်ပေလိမ့်မည်။

ရေနံ့သာသို့ ရောက်ရှိလာခဲ့ရသည်။ ရေနံ့သာသည် နွယ်နွယ်ထွန်းအား များစွာ ဖမ်းစားဆွဲဆောင်ခြင်းရှိသည်။

ဦးကျော်ထွန်းသည် အစိုးရ လခစား၊ ရိုးသားဖြောင့်မတ်သူပီပီ ငွေကြေးချမ်းသာကြွယ်ဝခြင်း မရှိခဲ့။ ရရစားစား သဘောမျိုးပင်။ ဒေါ်နွယ်နွယ်သည် ပင်ကိုက သူကြွယ်မျိုးရိုးဖြစ်သည်။ သို့လင့်ကစား စစ်အတွင်းက ပစ္စည်းဥစ္စာ များစွာ ဆုံးပါးခဲ့သည်။ မိမိအား ကျောင်းထားခဲ့သည်မှာပင် ချွေးနဲ့စာသဘောမျိုး သက်ရောက်နေခဲ့သည်။ ထို့ကြောင့်လည်း မိမိဘက်က စစ်စစ်စီစီနှင့် စာကို ကြိုးကြိုးစားစား သင်ယူခဲ့သည်။ ဦးကျော်ထွန်း အငြိမ်းစားယူခဲ့ပြီးသည့်နောက်ပိုင်း အိမ်၏ အခြေအနေသည် သိသိသာသာ ယိုင်ခဲ့သည်။ ဤသည်ကို ဖုံးဖိထားခဲ့သော်လည်း နွယ်နွယ်ထွန်း ရိပ်စားမိခဲ့သည်။

နွယ်နွယ်ထွန်းတို့၏ ယေဘုယျအခြေအနေမှာ အထည်ကြီးပျက် ဆန်သည်။ နေအိမ်ကအစ များစွာ ခမ်းနားထည်ဝါခြင်းမရှိခဲ့။ ထို့ကြောင့်ပင် ရေနံ့သာကဲ့သို့ ခမ်းနားထည်ဝါလှသည့် အိမ်ကြီးကို မြင်လိုက်ရသောအခါ နွယ်နွယ်ထွန်းမှာ မိမိကိုယ်ကိုပင် သိမ်ငယ်သွားသည် မှတ်ထင်လာမိလေသည်။

နွယ်နွယ်ထွန်းတို့ ရောက်လာပြီး များမကြာမီမှာပင် မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့လည်း ရေနံ့သာသို့ ရောက်ရှိလာကြလေသည်။

သို့ဖြင့် လပေါင်းအတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေသော၊ ခြောက်သွေ့ ညှိုးနွမ်းသယောင် ရှိနေခဲ့သော ရေနံ့သာသည် ပြန်လည်အသက်ဝင်လှုပ်ရှားလာကာ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ဖြစ်လာလေသည်။

ယခင်လများကဆိုလျှင် ရေနံ့သာအိမ်ကြီး၌ လူသူလှုပ်ရှားမှုကို များစွာမမြင်ရတတ်။ ညှော့်ခန်းနှင့်တကွ အိမ်ရှိ အခန်းတိုင်းတွင် မီးရောင်ကို မမြင်ရတတ်။ မြင်ရပါကလည်း ခဏတစ်ဖြုတ်သာဖြစ်သည်။ ယခုမူ တစ်အိမ်လုံးရှိ မီးအလင်းရောင်တို့ ပြတင်းပေါက်များမှ ထွက်ပေါ်နေသည်။ အသံဗလံများ တိတ်ဆိတ်နေခဲ့ရာမှ ယခုအခါ ပြန်လည်ထွက်ပေါ်လာသည်။

ရေနံ့သာသည် အိပ်ပျော်နေရာမှ တစ်ဖန်ပြန်လည် နိုးထလာရသည့်နှယ် ဖြစ်လေသည်။

ညှော့်ခန်းတွင် စုဝေးနေရာမှ ဒေါ်ဝင်းရီက ထမင်းစားခန်းသို့ ကြွကြရန် ဖိတ်ခေါ်သည်။ လှုပ်ရှားမှုနှင့် အသံများသည် ထမင်းစားခန်းဆီသို့ ရောက်ရှိသွားသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးအတွက် စားပွဲထိပ် ကုလားထိုင်တွင် နေရာချပေးထားသည်။ သူ့လက်ယာဘက် ကုလားထိုင်များ၌ ဗိုလ်မှူးညိုထွန်း၊ ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီ၊ နွယ်နွယ်ထွန်းတို့ ရှိကြသည်။ လက်ဝဲဘက်မှာမူ ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်၊ မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့ နေရာယူကြသည်။

“ထမင်းမစားခင် ဗိုလ်မှူးညိုထွန်း အနေနဲ့ စကားအနည်းအပါး ပြောပါ”

ဦးခင်မောင်ညွန့်က တိုက်တွန်းသည်။ ကျန်လူများက ဝိုင်းဝန်းထောက်ခံကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

“ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ကင်းကွာနေခဲ့လင့်ကစား ရေနံ့သာသည် စနစ်တကျ အုပ်ချုပ်မွမ်းမံမှုအောက်တွင် သပ်ရပ်ခမ်းနားမြဲ သပ်ရပ်ခမ်းနားနေသည်ကို တွေ့ရသည်။ ရေနံ့သာသို့ ဒေါ်ရေနံ့သာခင်ခင်ကြီး ရောက်ရှိလာလေလျှင် အစေခံ၊ မာလီ၊ ဒရိုင်ဘာ စသူတို့က ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ရှင်လန်းအားရ ဆီးကြိုနှုတ်ဆက်ကြသည်။ ၎င်းတို့၏ ဆီးကြိုနှုတ်ဆက်မှုနောက်ဝယ် သွင်းကုန်ထုတ်ကုန် လိုင်စင်ခေတ်က ခင်မင်ရင်းနှီးသူအချို့ ရောက်လာကြသည်။ နည်းပါးလှသော ခင်မင်ရင်းနှီးသူတို့အထဲမှ ပိုမိုခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ ညှော့်ခန်းတယ်လီဖုန်းမှာလည်း အဆက်မပြတ်မြည်နေကာ ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်စား ဦးခင်မောင်ညွန့်က ပြန်လည်ဖြေကြားနေရသည်နှင့် မအားလပ်နိုင်အောင် ဖြစ်နေရသည်။”

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**




ရေကူးပြိုင်ပွဲ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုရ အောင်ဖုန်းအား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆုချီးမြှင့်စဉ်။

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရွှေ၊ ငွေ၊ ကြေး စတင်ဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ပထမနေ့ ယှဉ်ပြိုင်မှုတွင် ပြေးခုန်ပစ်နှင့် ရေကူးအားကစားတို့မှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု စတင်ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့သည် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် လော်လာဝင်းက ဒုတိယ ငွေတံဆိပ်နှင့် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် အောင်မြင့်မြတ်က တတိယ ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည်။

ထို့အတူ ရေကူးပြိုင်ပွဲ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် အောင်ဖုန်းက ပထမ ရွှေတံဆိပ်၊ မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် စိုးဝင်းက တတိယ ကြေးတံဆိပ်နှင့် မီတာ ၅၀ နောက်ပြန်ကူး ပြိုင်ပွဲတွင် ကျော်ထူးက ဒုတိယ ငွေတံဆိပ်တို့ကို အသီးသီးရရှိခဲ့ကြသည်။

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗလစိုး

# အင်္ဂလန်အမျိုးသမီးအသင်း ဥရောပချန်ပီယံရှစ်ဖလား ပထမဆုံးအကြိမ်ဆွတ်ခူး

အင်္ဂလန် အမျိုးသမီးအသင်းနဲ့ ဂျာမနီအမျိုးသမီးအသင်းတို့ ဇူလိုင် ၃၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၂ ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ အင်္ဂလန် အမျိုးသမီးအသင်းက ဂျာမနီအမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင် ရရှိခဲ့တာကြောင့် အင်္ဂလန် အမျိုးသမီးအသင်းဟာ ဥရောပချန်ပီယံရှစ်ဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန် အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် အင်္ဂလန် အမျိုးသမီး အသင်းဟာ ပွဲကစားချိန် ၆၂ မိနစ်မှာ သွင်းယူခဲ့တဲ့ တူနီးရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ဂျာမနီ အမျိုးသမီးအသင်းကတော့ ပွဲကစားချိန် ၇၉ မိနစ်မှာ ရရှိခဲ့တဲ့ မာဂူလ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုး ပြန်လည် ရရှိခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန် အမျိုးသမီးအသင်းနဲ့ ဂျာမနီအမျိုးသမီး အသင်းတို့ဟာ သာမန်ပွဲကစားချိန်အတွင်းမှာ ဂိုးထပ်မံ မသွင်းယူနိုင်ခဲ့တာကြောင့် အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့ရာ ပွဲကစားချိန် ၁၁၀ မှာ ကဲလီရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့တာကြောင့် အင်္ဂလန် အမျိုးသမီး အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အမျိုးသမီးဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွေမှာ ဂျာမနီ အမျိုးသမီး အသင်းဟာ ချန်ပီယံဆု ရှစ်ကြိမ် ရရှိထားပြီးဖြစ်ပါတယ်။ ငွေကြယ်

မူးယစ်ကို ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ထွန်းတောက်ကြယ်
အိမ်ခြံမြေ အကျိုးဆောင်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်း/ဝယ်ရေးကို ထွန်းတောက်ကြယ် အကျိုးဆောင်မှ ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
09-421125084
09-769489460

ကိုမိုးဆန်း
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊တောင်ပိုင်း၊ဆိပ်ကမ်း ရွှေပေါက်ကံရှိ မြေကွက်များ ဈေးမှန်ပေးဝယ်သည်။
09-254493139
09-799949106

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်) မြေကွက်အမှတ် (ဒ-၃၃၀၄၈)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးမောင်မောင်ကျော် (ဘ) သူရကျော်ထင် [၁၂/ဗဟန(နိုင်)၀၁၀၀၂၃] အမည်ပေါက်မြေကွက်၏ မြေကွက်နေရာ (ယာယီ) ချထားပေးသည့် လက်မှတ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်းမှတ်ပုံတင် ကျမ်းကျိန်လွှာ(မူရင်း)၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ မြေကွက်နေရာ (ယာယီ) ချထားပေးသည့် လက်မှတ်(မူရင်း)ကိုပယ်ဖျက်ပြီး မိတ္တူမှန် လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး နှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မှ Switchbay (၃) စုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းအား(မြန်မာကျပ်ငွေ) ဖြင့်တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၅-၈-၂၀၂၂) ရက် ၁၄:၀၀ နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်း
- ကော့သောင်းခရိုင်ရုံးမြေသားပြုပြင်ခြင်းလုပ်ငန်း (၀.၂၂၉)ဧက
- တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁-၈-၂၀၂၂(တနင်္လာနေ့)
- တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့် ရက်နှင့်အချိန် - ၁၅-၈-၂၀၂၂ (တနင်္လာနေ့) (၁၆:၀၀)နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ဆိပ်ကမ်းသာလမ်း၊ ကြက်စားပြင်ရပ်ကွက်၊ ထားဝယ်မြို့ရှိ ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဖုန်း-၀၅၉-၂၀၂၃၅၂၇/၂၀၂၃၅၂၈ တွင် ၁-၈-၂၀၂၂ ရက်(တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။ **တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၃)ဧကရှိ ဒေါ်ဥမ္မာရီ[၁၄/ကလန(နိုင်)၀၁၈၉၇၀]၊ အဖအမည်၊ ဦးညီမောင် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၉၃၀)ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ်(-) ဖြင့် မြေကွက်အမည်ပေါက်၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သက်သက်မော် [၉/တကန(နိုင်) ၀၀၃၄၈၉] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၂၃၉/က)၊ မြေကွက်လိပ်စာအမှတ် (၃၂/က)၊ မာန်ပြေ (၁၉)လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးသန်းမောင် (ISN-၂၁၇၆၁၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက် ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်ခင်ပု [၁၂/သကတ(နိုင်)၀၃၁၁၀၉]မှ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ခင်ပွန်းဖြစ်သူ ဦးသန်းမောင် အမည်ဖြင့်မှတ်သားတည်ရှိနေသော နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား မြေကွက်ဖြစ်ကြောင်းနှင့် ခင်ပွန်းဖြစ်သူ ဦးသန်းမောင်မှာ (၁၁-၂-၂၀၀၈) ရက်တွင် ကွယ်လွန်သွားသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ဇနီးတစ်ဦးအနေဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရပိုင်ဆိုင်လာသောမြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်း ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစားအမွေခံ၊ အပေါင်အနှံ အရှုပ်အရှင်းမှစ၍ အာမခံအဖြစ် တင်သွင်းထားခြင်းတို့မှ လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်ခင် [၁၂/လမတ(နိုင်)၀၁၄၇၇၄]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-778434507, 09-772766716**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Safe City Solution System Phase (3) CCTV Camera နှင့် Switchများအတွက် Backup Power System တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် - (၂-၈-၂၀၂၂) မှ (၁-၉-၂၀၂၂)ထိ (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် - ၁-၉-၂၀၂၂ရက် (ကြာသပတေးနေ့)
နေ့ရက်၊ အချိန်၊ နာရီ - (၁၆:၃၀)နာရီ
(ဂ) တည်နေရာ - မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၅၇- ၂၄၉၇၃ နှင့် ၀၅၇- ၂၄၇၃၀ တို့သို့ဖြစ်စေ၊ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ လက်ပံပုအနောက်စု ကျေးရွာတွင် 3 Star အမည်ဖြင့် သောက်ရေသန့်၊ ရေသန့်ရေခဲ စသောလုပ်ငန်းများ ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါအမည်ဖြင့် ထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကျော်သူထက် [၇/ကတခ(နိုင်)၁၄၅၉၁၆]**
**ဖုန်း-၀၉-၈၉၁၀၅၅၉၃၅၊ ၀၉-၆၉၈၉၆၂၉၆၈**

## ကိုယ်စားလှယ်ပါဝါ ရုပ်သိမ်းခြင်း

သယ်န်းကျွန်းမြို့နယ် မိချောင်းကန်ပိုင်း(၂)၊ အောင်သုခလမ်း၊ အမှတ်(၆၃၁) နေ ဦးစွန်းဝေ၊ (၁၂/မဂတ(နိုင်)၀၈၁၉၉၆)က သယ်န်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်-၆၅၂/ဘီ နေ ဒေါ်မွန်မွန်ကို(၇/ပခန(နိုင်)၂၈၀၃၃၅) အား ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၌လွှဲအပ်ထားသော အထူးကိုယ်စားလှယ်ပါဝါ-အမှတ်- ၁၁၁၃၂/၂၀၁၈ အရ လွှဲအပ်ထားသည်ကို ယနေ့မှစ၍ ပြန်လည်ရုတ်သိမ်းလိုက်ပါသည်။ ဦးစွန်းဝေ (၁၂/မဂတ(နိုင်)၀၈၁၉၉၆)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်ကော်မြို့၊ လောခမ္မရပ်ကွက်ရှိ အကွက်အမှတ်(၁၄၀)၊ ဦးပိုင်အမှတ်(၁၀၂)၊ ဧရိယာ(၀.၀၉၆)ဧကရှိ မြေကွက်ပိုင်ဆိုင်သူ ဦးစိုးမင်း+ ဒေါ်မြင့်မြင့်ကြည်အမည်ဖြင့် ပိုင်ဆိုင်သော အိမ်ဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဂရန်အသစ် ထပ်မံလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးမင်း+ ဒေါ်မြင့်မြင့်ကြည်**
**လောခမ္မရပ်ကွက်၊ လှိုင်ကော်မြို့**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၄)၊ မြေကွက်လိပ်စာအမှတ်(၂၄)၊ စိန်ခြယ်လမ်း၊ ၅/ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သောအကျယ်အဝန်း ပေ(၄၂x၆၀)ရှိ ဦးကျော်ဝင်း(AD-၀၀၅၇၃၁)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ရည်ညွှန်းလိပ်စာပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဦးစောတင့်ဦး[၁၂/ဥကမ(နိုင်)၀၆၁၀၆၇]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်နေထိုင်လာသောမြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင်၎င်းတစ်ဦးတည်း ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစားအမွေခံ၊ အပေါင်အနှံ အရှုပ်အရှင်းမှစ၍ အာမခံအဖြစ် တင်သွင်းထားခြင်းတို့မှ လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့် အပေါ် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်သောင်းသောင်းနု[၁၂/လမန(နိုင်)၀၆၂၉၂၂] နှင့် ဒေါ်အေးအေးမော်[၁၂/လမန(နိုင်)၀၀၂၇၅၉]တို့မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်း၊ စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သောင်းသောင်းနု နှင့် ဒေါ်အေးအေးမော်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-778434507, 09-772766716**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၁)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

က – ၈၈၇၄၁၆

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

စ – ၆၆၈၉၅၇

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဂ – ၇၄၃၃၉၅ ဈ – ၈၆၃၀၃၈

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ် ပေးသည့် ကျပ်သိန်း (၅၀၀)ဆု (၂)ဆု

ခ – ၄၀၂၃၂၄ ဆ – ၃၅၇၆၈၀

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ည – ၅၄၂၇၅၇ ဃ – ၉၅၅၂၁၀

ဈ – ၈၁၅၄၀၀ စ – ၉၆၇၉၁၁

ဂ – ၉၄၄၆၀၃ င – ၉၈၇၆၅၈

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဈ – ၁၂၉၄၉၁ က – ၃၇၅၄၃၉

ည – ၂၃၅၅၀၅ ခ – ၄၃၇၄၃၃

ဃ – ၃၀၆၅၆၇ ဂ – ၇၅၄၁၅၂

ဆ – ၃၂၆၄၄၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေး သည့် ကျပ်သိန်း (၁၀၀)ဆု (၁)ဆု

ဃ – ၅၄၉၅၁၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဇ – ၁၇၆၉၃၀ ဇ – ၉၃၂၂၅၈

ည – ၂၁၂၅၉၃ ဆ – ၉၄၅၉၉၇

ဂ – ၂၈၈၆၉၁ ဆ – ၉၆၇၈၂၅

င – ၃၆၈၆၉၅ င – ၉၈၄၈၃၈

ဆ – ၄၀၃၇၈၂ ည – ၉၈၆၆၃၂

ဃ – ၄၆၈၄၁၁

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဆ – ၁၁၉၃၉၇ စ – ၅၁၃၀၆၁

က – ၂၄၁၅၁၃ ဂ – ၅၅၄၁၁၃

ဂ – ၂၆၃၄၇၂ စ – ၅၇၇၀၃၄

စ – ၂၉၇၃၇၉ ဆ – ၅၈၂၂၂၄

င – ၃၁၆၄၃၅ ဆ – ၅၉၆၂၇၁

ည – ၃၉၄၄၆၃ ဂ – ၇၇၁၈၁၅

ဈ – ၄၉၉၂၈၇ ဇ – ၉၆၃၂၉၃

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၂၀)ဆု(၁)ဆု

ဂ – ၁၅၅၄၆၃

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဆ – ၁၉၆၁၇၁ ခ – ၅၇၂၅၀၆

ဆ – ၂၂၆၁၂၇ ဆ – ၇၁၅၆၄၆

ဇ – ၂၅၃၅၄၁ ဇ – ၈၂၃၄၆၃

စ – ၃၄၈၂၆၀ ဃ – ၈၃၁၂၀၂

ဂ – ၄၅၆၈၃၉ ည – ၉၅၂၄၀၃

ဇ – ၄၇၈၇၅၂

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

စ – ၁၁၇၁၄

ဆ – ၂၀၄၄၈

စ – ၅၈၂၀၇

ဆ – ၆၉၃၀၁

င – ၇၄၅၆၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

င – ၁၅၆၁

ဆ – ၃၈၁၁

ဆ – ၅၇၄၁

င – ၇၅၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ည – ၂၂၇ င – ၇၇၁

ည – ၂၆၆ ဂ – ၈၂၄

ဇ – ၂၆၇ င – ၈၅၆

င – ၄၈၇ ဆ – ၈၆၄

င – ၅၁၅ ဆ – ၉၃၆

ခ – ၇၂၁ ဃ – ၉၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ရငွေများ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်းဆု( ၃ )ယူနစ်

က – ၂၄ က – ၅၃ င – ၄၇

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ည – ၂၇၁၄၇၉ ည – ၃၂၆၅၇၉ ဂ – ၅၉၄၈၅၀ ခ – ၇၅၆၅၃၄ ဈ – ၈၃၁၄၉၅ ဇ – ၈၆၅၅၉၇

### ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆု(၁)ယူနစ်

ဆ – ၉၇၇၇၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆု(၁)ယူနစ်

ဈ – ၄၈၉၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ – ကျပ်(၂)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ(၁၇၆၃၉)ဆု ဖွင့်လှစ်ပေးခဲ့ ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄၂)ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာ များမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၄၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေထုတ်ပေးခြင်းကို ( ၂ – ၈ – ၂၀၂၂ )ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၉ – ၈ – ၂၀၂၂ ) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်းမူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# ဇီဝနည်းပညာသုတေသနဦးစီးဌာန
# အမှုထမ်းရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)တွင်လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး၊ လစာနှုန်းကျပ် | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | သုတေသနလက်ထောက်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ဘွဲ့တစ်ခုခု(မဟာဘွဲ့တက်ရောက်ရန် အရည်အချင်းပြည့်မီသူ ဦးစားပေးမည်) | (၈) နေရာ |
| (ခ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E/ B.C.Sc / B.C.Tech ဘွဲ့ရရှိပြီးသူ | (၃)နေရာ |
| (ဂ) | သုတေသနလက်ထောက်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ဘွဲ့တစ်ခုခု/Dip.in.Agri/A.G.T.I ရရှိပြီးသူ | (၁၃)နေရာ |
| (ဃ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ဘွဲ့တစ်ခုခုရရှိပြီးသူ | (၂)နေရာ |
| (င) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခု ရရှိပြီးသူ | (၃) နေရာ |
| (စ) | ယာဉ်မောင်း(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အခြေခံပညာအလယ်တန်း အဆင့် အောင်မြင်ပြီးသူ (ယာဉ်မောင်း ခ လိုင်စင် ရရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်) | (၂)နေရာ |
| (ဆ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူ | (၅) နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁-၇-၂၀၂၂ ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၃၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)
- (ဂ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
- (ဃ) လုပ်ငန်းလိုအပ်ချက်အရ ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။
- (င) အမှတ်စဉ်(က)နှင့်(ခ)ပါ သုတေသနလက်ထောက်(၂)ရာထူးနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာအတွက် အင်္ဂလိပ်စာနှင့်ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးရွေးချယ်မည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးတစ်မျိုးကိုသာ လျှောက်ထားရမည်။
- (ဇ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက တစ်ဆက်တည်းလုပ်သက်အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင်လက်မှတ်ရေးထိုးရမည်-
- (က) လျှောက်ထားသည့် ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့် အသက်၊
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၁လက်မx ၁လက်မ)(၃)ပုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့်ကျောင်းထောက်ခံစာ၊
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာနှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) ထောက်ခံချက် (မူရင်း)၊
- (စ) အိမ်ထောင်စုစာရင်း(မိတ္တူ)၊
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် ဝန်ထမ်းကတ်မိတ္တူ၊
- (ဇ) ဝန်ထမ်းမဟုတ်လျှင် သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြား(မိတ္တူ)၊
- (ဈ) ယာဉ်မောင်းလိုင်စင်(မိတ္တူ)(ယာဉ်မောင်းရာထူးအတွက်သာ)။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဇီဝနည်းပညာ သုတေသနဦးစီးဌာန၊ ကျောက်ဆည်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၃၁-၈-၂၀၂၂ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့်လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ ကျောက်ဆည်သို့လိပ်မူ၍ ၃၁-၈-၂၀၂၂ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အမှတ်စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င)ရာထူးများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများအမည်စာရင်းကို ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ ဝထ/စီမံ(ကျောက်ဆည်)ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ Website .www.most.gov.mm တွင်လည်းကောင်း ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၅-၉-၂၀၂၂ ရက်၌ ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၇-၉-၂၀၂၂ ရက်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ မြန်မာစာကိုလည်းကောင်း၊ နံနက် ၁၁:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ အင်္ဂလိပ်စာကိုလည်းကောင်း၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ အထွေထွေဗဟုသုတကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၁။ လူတွေ့/ကျွမ်းကျင်မှုစစ်ဆေးခြင်းအတွက် ၁၂-၉-၂၀၂၂ ရက်၊ နံနက် ၉:၃၀ နာရီတွင် ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ ဝထ/စီမံ (ကျောက်ဆည်)တွင် အောက်ပါအစီအစဉ်တိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-
- (က) ရေးဖြေစာမေးပွဲအောင်မြင်ပြီးသူများ
- (ခ) အမှတ်စဉ် (စ)၊ (ဆ) ရာထူးများ

၁၂။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ စီမံ/ဝန်ထမ်းရေးရာဌာန၊ ကျောက်ဆည်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၆-၅၀၆၂၂/၀၆၆-၅၀၆၂၃ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ အနီဃာလမ်း၊ မြေကွက်အမှတ်(၁၁၇/ည-၁)၊ ကံဘဲ့-ရပ်ကွက်၊ အိမ်အမှတ်(၁)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း ဧရိယာ(၀.၀၈၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလမြေအမည်ပေါက် ဒေါ်ကြည်(ခ)စဘူဒါ [၁၂/ရကန(နိုင်)၀၅၇၅၃၀]၏ သားသမီးအရင်းအချာများဖြစ်ကြသော ဒေါ်ရီရီနွဲ့၊ ဦးသန်းမြင့်၊ ဒေါ်ခင်စန်းနွဲ့၊ ဦးသက်နိုင်တို့မှ အဆိုပါမြေကွက်ကို မိဘများကွယ်လွန်ကြပြီးဖြစ်သည့်အတွက် မိမိတို့သာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းသည်ကို ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်(၂၉-၇-၂၀၂၂)ရက်တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်နှင့် မြေပေါ်ရှိ ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသေချာသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိ၊ ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးစုလှိုင် LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၁၇)**
**တိုက်(၃၆)၊ ဒုတိယထပ်(ဝဲ)၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**Ph: 09-422662324, 09-691996320**

# မြန်မာနိုင်ငံစာရင်းကောင်စီ
# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၂
# သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် - ၄၂ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းနှင့် နေပြည်တော်သင်တန်းကျောင်းတို့၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း (တစ်နှစ်)၊ ဒုတိယပိုင်း(တစ်နှစ်) ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။ ထို့အပြင် ကိုယ်တိုင် လေ့လာသင်ယူ၍ ဆိုင်ရာစာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၃။ ဒီပလိုမာစာရင်းကိုင်သင်တန်းဆိုင်ရာ သတ်မှတ်ချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၅-၁-၂၀၁၇ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ နှင့် မြန်မာနိုင်ငံစာရင်းကောင်စီကဖွင့်လှစ်သည့် သင်တန်းများ၏ စာမေးပွဲများကို Module အလိုက် ဖြေဆိုခွင့်ပြုခြင်းကို ၂၉-၉-၂၀၂၀ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပါသည်။

၄။ သင်တန်းသို့ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၅။ ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်ရမည့် သင်တန်းချိန်မှာ ပထမပိုင်း သင်တန်းအတွက် ရုံးဖွင့်ရက်များနှင့် စနေနေ့တွင် နံနက် ၇:၀၀ နာရီ မှ ၈:၅၀ နာရီ အထိ၊ ဒုတိယပိုင်း သင်တန်းအတွက် ရုံးဖွင့်ရက်များတွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီ၊ စနေနေ့များတွင် နံနက် ၇:၀၀ နာရီမှ ၁၀:၅၀ နာရီအထိ ဖြစ်ပါသည်။

၆။ သင်တန်းတက်ရောက်လိုသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၈-၈-၂၀၂၂ ရက်နေ့ မှ ၂၆-၈-၂၀၂၂ ရက် အတွင်း ရုံးဖွင့်ရက်များ၌ နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁၀၀၀ ဖြင့်ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်-
- (က) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
- ( ခ ) အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)
- ( ဂ ) တစ်လအတွင်းရိုက်ကူးထားသည့် ၁" x ၁"အရွယ် လိုင်စင်ဓာတ်ပုံ ၂ ပုံ
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) နှင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင် တက်ရောက်မည့်သူများသာ)

၇။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ (အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်)များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဖော်ပြချက်များနှင့် ကိုက်ညီရမည်။ ဘွဲ့နှင်းသဘင် မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်မူရင်းကို မပျက်မကွက် တင်ပြရမည်။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက် ကျော်လွန်ပြီးမှ တင်သွင်းသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တက်ရောက်ခွင့်ရသူများ၏ စာရင်းကို ၉ - ၉ -၂၀၂၂ ရက်နေ့ မတိုင်မီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းနှင့် နေပြည်တော် သင်တန်းကျောင်းရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website:www.oagmac.gov.mm တို့တွင် ကြေညာထားမည် ဖြစ်ပါသည်။

၉။ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းနံပါတ် ၀၁-၂၂၃၁၄၃၊ ၀၉-၇၅၈၃၈၃၁၅၉၊ ၀၉-၂၅၀၄၅၇၆၂၄ တို့ကို ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မိဂသီ(၂၂)လမ်း၊ မြေကွက်အမှတ်(၁၆၅/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့်မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း ကတိပြုသူ ဒေါ်ညွန့်သန်းဌေး [၁၂/မဂတ(နိုင်)၀၄၆၃၅၈]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။**
**ဖုန်း-၀၉- ၄၅၁၃၇၈၀၀၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မ (၁)လမ်း၊ အမှတ် (၈/ဒီ)နေ ဦးမင်းကျော်ထင်[၁၀/မလမ(နိုင်)၀၆၁၄၃၃]၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်သည်မှာ-

ဦးမင်းကျော်ထင်သည် အေးရိပ်စံ အထူးကုဆေးခန်းအား ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၈၇)၊ မြေညီထပ်တွင် (၂၀၀၇)ခုနှစ်ကတည်းက စတင်တည်ထောင်ပြီး ယနေ့တိုင် လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှ ဦးမင်းကျော်ထင်သည် ဦးမင်းထက်နောင်လင်း [၁၀/သဖရ(နိုင်)၁၂၈၇၄၀]နှင့် နှစ်ဦးသဘောတူညီကာ (၂၀၁၉)ခုနှစ်အ တွင်း ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေညီထပ်၊ တိုက်(၂)၊ အခန်း(၀၀၇-၀၀၈)တွင် အေးရိပ်စံအထူးကုဆေးခန်းအမည်ဖြင့် အကျိုးတူပူးပေါင်းပြီး လုပ်ငန်းခွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ (၂-၁၁-၂၀၂၁) ရက်နေ့တွင် အေးရိပ်စံအထူးကုဆေးခန်း(ပုဇွန်တောင်မြို့နယ်)လုပ်ငန်းအား နှစ်ဦးသဘောတူ ရပ်နားခဲ့ပါသည်။ သို့သော်လည်း ဦးမင်းထက်နောင်လင်းမှ ဦးဆောင်ပြီး ယနေ့တိုင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ရာ (၂-၁၁-၂၀၂၁)ရက်နေ့နောက်ပိုင်း အေးရိပ်စံအထူးကုဆေးခန်း(ပုဇွန်တောင်မြို့နယ်)တွင် ဖွင့်လှစ်ပြီး ဆောင်ရွက်နေသည့် ကိစ္စအဝဝသည် ဦးမင်းထက်နောင်လင်း၏ ပုဂ္ဂလိကကိစ္စသာဖြစ်ပြီး အေးရိပ်စံအထူးကုဆေးခန်း(လမ်းမတော်မြို့နယ်)နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်းနှင့် အေးရိပ်စံအထူးကုဆေးခန်း(လမ်းမတော်မြို့နယ်)အမည်ဖြင့် လုပ်ငန်းတစ်ခုတည်းရှိပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမင်းကျော်ထင်** | **ဦးနိုင်ဝင်း(LL.B,D.B.L,D.I.L)** |
| **[၁၀/မလမ(နိုင်)၀၆၁၄၃၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၈၉/၂၀၂၀)** |
| | **ရုံး-အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်းခွဲလမ်း၊** |
| | **(ဆောက်တဝဲလမ်း)၂-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၈၀၃၇၈** |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အလုပ်သမားဝန်ကြီးဌာန
# (နှစ်ဆင့်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System)၊ လုပ်ငန်းဒုတိယအဆင့် လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားနိုင်ရေး အောက်ဖော်ပြပါအတိုင်း နှစ်ဆင့်အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) တင်ဒါပုံစံများစတင် ရောင်းချမည့်ရက် | ၃-၈-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (ခ) တင်ဒါပုံစံများနောက်ဆုံး ရောင်းချမည့်ရက် | ၁၇-၈-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (ဂ) တင်ဒါပုံစံနှင့် **နည်းပညာအဆိုပြုလွှာစာအိတ်(က)** နောက်ဆုံးတင်သွင်းရမည့် နေ့ရက်၊ အချိန်နှင့် နေရာ | **၁၇-၈-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)** (၁၆:၃၀) နာရီ၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |
| (ဃ) Presentation ပြုလုပ်ခြင်းနှင့် နည်းပညာဆိုင်ရာ စိစစ်ရွေးချယ်ခြင်း။ | ၂၂-၈-၂၀၂၂ ရက် မှ ၂၃-၈-၂၀၂၂ ရက် အထိ |
| (င) နည်းပညာဆိုင်ရာ ရမှတ် **၇၀ % နှင့်အထက် (၃၅ မှတ် နှင့် အထက်)ရရှိသည့် နည်းပညာအောင်မြင်သော ကုမ္ပဏီစာရင်း** ထုတ်ပြန်ကြေညာခြင်း၊ | ၂၅-၈-၂၀၂၂ ရက် (ကြာသပတေးနေ့) |
| (စ) နည်းပညာအောင်မြင်သော ကုမ္ပဏီများမှ **ဈေးနှုန်းအဆိုပြုလွှာစာအိတ် (ခ)** တင်သွင်းခြင်း၊ | ၂၉-၈-၂၀၂၂ ရက် (တနင်္လာနေ့) |
| (ဆ) နည်းပညာအောင်မြင်သော ကုမ္ပဏီများ၏ **ဈေးနှုန်းအဆိုပြုလွှာစာအိတ်(ခ)**အား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ခြင်း။ | ၃၀-၈-၂၀၂၂ ရက်(အင်္ဂါနေ့) **နံနက်(၁၀:၀၀) နာရီ** |
| (ဇ) တင်ဒါအောင်မြင်သောကုမ္ပဏီအား အကြောင်းကြားခြင်းနှင့် website တွင် ကြေညာခြင်း။ | ၅-၉-၂၀၂၂ ရက်(တနင်္လာနေ့) |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၅,၀၀၀/-(ကျပ်တစ်သောင်းခွဲတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-Mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website **https://www.mol.gov.mm** နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website **https://www.ssb.gov.mm**တွင်လေ့လာနိုင်ပြီး၊ ဖုန်း- ၀၆၇-၃၄၁၇၉၀၆၊ ၀၆၇-၃၄၁၇၉၂၅၊ ၀၆၇-၃၄၁၇၉၅၁၊ ၀၆၇-၃၄၁၇၉၅၂ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကွေ့မ(လုံးချင်း)အိမ်ရာ၊ လုံးချင်းအမှတ်(၂B)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မူမူသန်းခိုင်[၁၁/ စတန(နိုင်)၀၃၃၀၉၁] ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဒေါ်ဖြူနှင်းပွင့်[၁၄/ဖပန(နိုင်)၁၇၃၆၁၄] မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃-သမိုင်း)၊ မြေကွက်အမှတ်(၂/ဆ^A)၊ အကျယ်အဝန်း (အလျား ၄၈ပေ/၄၅ပေxအနံ ၈၆ပေ/၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (ယခင်)အောင်သုခလမ်း၊ အမှတ်(၃)၊ (ယခု) ရန်ကုန်-ပြည်လမ်း၊ အမှတ်(၉၀)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ ဒေါ်သန္တာမြင့် [၁၂/မရက(နိုင်)၀၆၂၃၈၂]၊ ၂။ ဒေါ်သူဇာမြင့် [၁၂/မရက(နိုင်) ၀၆၂၃၈၃]၊ ၃။ ဒေါ်ကေသီမြင့် [၁၂/မရက(နိုင်) ၀၆၂၃၈၉]၊ ၄။ ဦးမြင့်ဇော် [၁၂/မရက(နိုင်) ၀၆၂၃၈၈]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများ ရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံ သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉- ၅၁၅၁၈၃၃၊ ၀၉- ၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ငွေဆောင်မြို့နယ်၊ ငွေဆောင်မြို့နယ်ခွဲ၊ မြို့မလမ်းရှိ အရှေ့ဘက်တွင် မြို့မလမ်း၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင်ရွှေရည်ဦးဒေ့ရိပ်သာ၊မြောက်ဘက်တွင်ဦးသောင်းတင်+ဒေါ်သိန်းတင်လေးတို့၏နေအိမ်စသည့် အနားလေးရပ်အတွင်းရှိ မြေဧရိယာ(၀.၄၄၈)ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ ဦးသက်တင်ဝင်း [၅/စကန(နိုင်)၀၁၈၆၇၇]၊ ၂။ ဒေါ်ဝင်းဝင်းမော် [၇/တငန(နိုင်)၁၀၉၀၄၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။

- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## မျှော်လင့်မထားသောသဘာဝဘေးအန္တရာယ်အား ဆုံးရှုံးမှုအနည်းဆုံးဖြင့် အချိန်တိုအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်မှုသည် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နေပြည်သူလူထု၏ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်



နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၃၁ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ပျက်စီးမှုများဖြစ်ပွားခဲ့သည့် ပွဲကောက်ရေတံခွန်(BE FALL)အား ကြည့်ရှုစဉ်။

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးအသက်(၁၉)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဩဂုတ် ၃ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV HD ၊MRTV Sports Channelနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာထားသည်။

သတင်းစဉ်

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကိုသတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳